# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၅)၊ အမှတ်(၃၂၄)


## အဏ္ဏဝါဂေဟစနစ် ခရီးသွားလုပ်ငန်းဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ၏ ပင်လယ်နှင့် ကမ်းရိုးတန်းဒေသများရှိ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရင်း အဏ္ဏဝါဂေဟစနစ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ FREDA မှ ကြီးမှူးသည့် စတုတ္ထအကြိမ်မြောက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက်တွင် Zoom Online မှတစ်ဆင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် "The Perspective of Marine Ecotourism in Myanmar" (မြန်မာနိုင်ငံ၏ အဏ္ဏဝါဂေဟစနစ် ခရီးသွားလုပ်ငန်း အလားအလာ) ခေါင်းစဉ်ဖြင့် Shan Yoma Travel & Tours Co., Ltd.၏ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ ကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်း



မန္တလေး ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာရှိ ဓမ္မသဟာယ သာသနစင်တာ၌ သီတင်းသုံးတော်မူလျက်ရှိသည့် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သား၊ သမီး၊ မြေး တစ်စုတို့က လှူဒါန်းသော ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး၊ ဗုဒ္ဓဝါဆိုစဉ်အလင်္ကာများစာအုပ်နှင့် သာသနာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိသော ကွန်ပျူတာစာစီမူ အဋ္ဌကထာကျမ်းစာအုပ်များကို ဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ပါမောက္ခချုပ်ဆရာတော်ကြီးက "အဋ္ဌကထာ ဋီကာကျမ်းစာအုပ်များကို ပြန်လည်ပုံနှိပ်နိုင်ခြင်းမရှိသည်မှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်ကြောင်း၊ ပါဠိတော်များကို အဋ္ဌကထာ၊ ဋီကာအဖွင့်များနှင့် ကြည့်၍ အဓိပ္ပာယ်သိရှိရပါကြောင်း၊ အဋ္ဌကထာဋီကာ အဖွင့်ကို မကြည့်ဘဲ *စာမျက်နှာ ၃ ကော်လံ ၁* ❁

### ယနေ့ သတင်းအညွှန်း


တည်နေရာကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်ယုံကြည်မှုတို့ အပြည့်အဝရှိသည့် မိတ်ဆွေ စာမျက်နှာ ၆

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ စာမျက်နှာ ၁၉


## သူရဲဈေး-တောင်ပြုံး၊ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြားသဖြင့် တိုးချဲ့ပြေးဆွဲ




နေပြည်တော် ဩဂုတ် ၂၄

ပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွား ပြည်သူများအဆင်ပြေစွာသွားလာနိုင်ရန် မ-၄၁၊ မ-၄၃ သူရဲဈေး-တောင်ပြုံးနှင့် မ-၄၂၊ မ-၄၄ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ်အား ရိုးရိုးတန်းခြောက်တွဲ၊ ဘရိတ်တွဲနှစ်တွဲ စုစုပေါင်းရှစ်တွဲဖြင့် တွဲဆိုင်းဖွဲ့ဆင်ပြီး ဩဂုတ် ၁၉ ရက်မှစတင်၍ ပြေးဆွဲပေးလျက်ရှိရာ တောင်ပြုံးပွဲတော် *စာမျက်နှာ ၃ ကော်လံ ၄* ❍

## အပူပိုင်းမုန်တိုင်း နာရာနှင့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ" မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော *စာမျက်နှာ ၅ ကော်လံ ၄* ❑




## (၆၆)ကေဗွီ ပဲခူး အမှတ်(၆) ဓာတ်အားလိုင်းအား ထိန်းသိမ်းပြုပြင်မည်ဖြစ်သဖြင့် ဓာတ်အားယာယီပြတ်တောက်မည်

နေပြည်တော် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ (၆၆) ကေဗွီ ပဲခူး အမှတ်(၆) ဓာတ်အားလိုင်းကို ဓာတ်အားလိုင်း အပြစ်မဖြစ်ပေါ်စေရေးနှင့် ဓာတ်အားလိုင်းကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ဓာတ်အားလိုင်း စစ်ဆေးပြုပြင်ခြင်း၊ သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံ Switch Yard များနှင့် Distribution Panel များအား လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေချိန်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ရေီယာအတွင်းပါဝင်သည့် ရုံးဌာနများနှင့် စက်ရုံ/အလုပ်ရုံများသို့ ကြိုတင်အကြောင်းကြားထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်




မြန်မာ့အလင်း

# တာဝန်ကျေ နိုင်ငံ့သားကောင်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းတို့ စီမံပေးနေ

ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ''စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ''က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်၊ ဧပြီ ၈ ရက်တွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁)ကို တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် စတင်ဖွင့်လှစ်ခဲ့ချိန်မှစကာ ယခုချိန်အထိ သင်တန်းအမှတ်စဉ်အသီးသီးမှ သင်တန်းဆင်းလာခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများအနက်မှ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ သူရဲကောင်းလက်မှတ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် အကြီးအကဲများ၏ ချီးကျူးဂုဏ်ပြုလက်မှတ်များ ရရှိခဲ့သူများ ရာနှင့်ချီ၍ပင် ရှိနေပြီဖြစ်သည်။

တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တာဝန်များကိုထမ်းဆောင်လျက်ရှိရာတွင် ဒေသအချို့၌ ယာယီစိုးမိုးပြီး အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်နေကြသည့် လက်နက်ကိုင်သောင်းကျန်းသူများကို အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) များဆင်နွှဲ၍ မြို့ရွာများနှင့် အရေးကြီးသည့် ဆက်သွယ်သွားလာရေး လမ်းကြောင်းများကို ပြန်လည်သိမ်းပိုက်နေသည်။ ယင်းသို့ စစ်ဆင်ရေးများဆင်နွှဲရာတွင် ပြည်သူ့စစ်မှုထမ်းစစ်သည်များသည် မိမိတို့၏တာဝန်များကို တပ်မတော်နှင့်တစ်သားတည်း ကျေပွန်စွာထမ်းဆောင်ကာ သတ်မှတ်ကာလ ပြည့်မြောက်သူများအနေဖြင့် မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိနေကြသည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသူ နိုင်ငံ့သားကောင်းများအား တာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြု ဂုဏ်ပြုလက်မှတ်ပေးအပ်ပြီး အလုပ်အကိုင်များရရှိနိုင်ရေးအတွက် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီက စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် အခွင့်အလမ်း (၄)ရပ်ရှိရာ ပထမအခွင့်အလမ်းမှာ တပ်မတော်သားဘဝကို မြတ်နိုးစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လိုသူများအတွက် အမြဲတမ်းစစ်မှုထမ်းအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခွင့်ပြုခြင်းဖြစ်သည်။ ကာယကံရှင်၏ဆန္ဒအရ တပ်မတော်သားဘဝကို အမှန်တကယ်ချစ်မြတ်နိုးပြီး တပ်မတော်တွင် တာဝန်ဆက်လက်ထမ်းဆောင်လိုသူများကိုသာ လက်ခံပေးခြင်းဖြစ်ပြီး တာဝန်ထမ်းဆောင်ခဲ့သည့်နှစ်နှစ်ကို စစ်မှုထမ်းသက်အဖြစ် အသိအမှတ်ပြုပေးခြင်း၊ အရည်အချင်းအလိုက် သင့်တော်သည့်ရာထူးအဆင့်ဆင့်ကို တိုးမြှင့်ပေးခြင်း၊ အရည်အချင်းကိုက်ညီသူများ ဗိုလ်သင်တန်းသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုခြင်းတို့ အခွင့်အရေးအဖြစ်ရရှိမည်ဖြစ်သည်။

ဒုတိယအခွင့်အလမ်းမှာ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးပြီးနောက် သတ်မှတ်အရည်အချင်းကိုက်ညီသူများကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ပေးခြင်းဖြစ်သည်။ ယင်းသို့ခန့်အပ်ရာတွင် မူလအသက်သတ်မှတ်ချက်အား သုံးနှစ်အထိ တိုးမြှင့်လက်ခံပေးသွားမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းထဲမှ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်သူများအတွက်လည်း မူလဌာနတွင် မူလတာဝန်အတိုင်း ပြန်လည်ခန့်အပ်ပြီး စစ်မှုထမ်းကာလနှစ်နှစ်ကို လုပ်သက်တွင် ထည့်သွင်းတွက်ချက်ပေးသွားမည်ဖြစ်သည်။

တတိယအခွင့်အလမ်းမှာ ပြည်တွင်းပြည်ပ ပုဂ္ဂလိကအလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်လိုသူ တာဝန်ကျေပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီတို့ပူးပေါင်း၍ ပြည်တွင်းပြည်ပကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် အထူးဦးစားပေး ခန့်အပ်စေလွှတ်ပေးနေခြင်းဖြစ်သည်။

စတုတ္ထအခွင့်အလမ်းမှာ မိမိနေရင်းဒေသမှာပင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူများအတွက် လိုအပ်မည့်အရင်းအနှီးနှင့် ချေးငွေများထုတ်ချေးပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာပံ့ပိုးပေးခြင်းအစီအစဉ်ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်ပြီးသူများမှာ ရိုးသား နိုးကြား ကြိုးစားမှုဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ကြရန်ဖြစ်သည်။

သို့ဖြစ်ရာ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် မိမိတို့၏သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးသည့်နောက် အလုပ်အကိုင်အခွင့်အလမ်းများ အခက်အခဲဖြစ်ပေါ်နေပါက ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံးနှင့် အလုပ်သမားဝန်ကြီးဌာနတို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းကာ အလုပ်အကိုင်များရရှိရေး ဆောင်ရွက်နိုင်ကြပါသည့်အကြောင်း။ ။

---

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | – | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | – | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | – | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | – | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

**၂၄ - ၈ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

---

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ” အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅ ။ |
| ( ခ ) | စစ်ရေးချုပ်ရုံး | ၀၃၆၃၁၃၄၇ ။ |
| ( ဂ ) | အလုပ်သမားဝန်ကြီးဌာန | ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂ ။ |

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ
အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၅၇၅ | ၃၇၃၀ | ၃၆၈၅ | ၃၅၉၅ | ၃၇၃၅ | ၃၇၅၀ | ၃၇၈၅ | ၃၆၆၅ | ၄၀၃၀ | ၄၀၆၀ | ၃၆၈၅ | ၃၈၂၀ | ၃၇၇၅ | ၃၇၃၀ | ၃၇၄၅ | ၃၉၇၀ |
| 95 Ron | ၃၆၉၀ | ၃၈၅၀ | ၃၈၀၀ | ၃၇၃၀ | ၃၈၅၀ | ၃၈၆၅ | ၃၉၀၀ | ၃၇၈၀ | ၄၁၄၅ | ၄၁၇၅ | ၃၈၀၀ | ၃၉၄၀ | ၃၈၉၀ | ၃၈၄၅ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၄၀၇၀ | ၄၂၂၀ | ၄၁၇၅ | ၄၀၈၅ | ၄၂၂၅ | ၄၂၄၀ | ၄၂၇၀ | ၄၁၅၅ | - | ၄၅၃၅ | ၄၁၇၅ | ၄၆၉၀ | ၄၂၆၀ | ၄၂၂၀ | ၄၂၃၀ | ၄၄၅၀ |
| HSD (50 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | ၅၃၇၅ | ၅၄၀၅ | ၅၀၃၀ | ၅၁၂၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |
| HSD (10 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | | ၅၄၀၅ | ၅၀၃၀ | ၅၁၂၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၃၈၄ | ၃၄၈၅ |
| 95 Ron | ၃၄၉၅ | ၃၅၉၉ |
| HSD (500 ppm) | ၃၈၇၆ | ၃၉၈၃ |
| HSD (50 ppm) | ၄၆၈၇ | ၄၈၁၀ |
| HSD (10 ppm) | ၄၆၈၇ | ၄၈၁၀ |

ကျပ်/လီတာ

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီဌေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊
**ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**“ ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။ ”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၅ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် )

**ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆန်နှင့်ဆီ ချီးမြှင့်ထောက်ပံ့



**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုလွှတ်တော်နာယက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးကိုယ်စား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ အခြေခံစားသောက်ကုန်များ ချီးမြှင့်ထောက်ပံ့သည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် (၁၀) ပါအတိုင်း ကျင့်ကြံနေထိုင်ရန်၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း နိုင်ငံတော်နှင့် ပြည်သူတို့အကျိုးကို ရှေးရှုဆောင်ရွက်ရန် မှာကြားပြီး ပြည်ထောင်စုလွှတ်တော် နာယကကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများအတွက် ဆန်နှင့်ဆီ ချီးမြှင့်ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❁ *ရှေ့ဖုံးမှ*

ပါဠိတော်သက်သက် ဘာသာပြန်လျှင် Interpretation Problem ဖြစ်နိုင်ကြောင်း၊ နောင်တွင် AI tool များဖြင့် ဘာသာပြန်ခြင်းလုပ်ငန်းဆောင်ရွက်လျှင် Leak Version (မူကွဲမူပျက်) များ ထွက်ပေါ်လာနိုင်ပြီး ပျက်စီးနိုင်ပါကြောင်း။

**အလွန်ပြည့်စုံပြီး အင်မတန် ကောင်းမွန်သောအလုပ်**

ထို့ကြောင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစာပေများ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းလုပ်ငန်းသည် သာသနာရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းဖြစ်ပြီး အရေးအကြီးဆုံးဖြစ်သဖြင့် ယခုလို အဋ္ဌကထာ၊ ဋီကာကျမ်းများကို ဆဋ္ဌမူအတိုင်း ပြင်ဆင်ဖြည့်စွက်နုတ်ပယ်ခြင်းမပြုဘဲ နောက်ဆက်တွဲ(Index)ပါ နာနာပါဌ (Different Version)များ၊ အောက်ခြေမှတ်စု (Foot note) များပါမကျန် ကွန်ပျူတာစာစီမှု ပြန်လည်ပုံနှိပ်ဆောင်ရွက်ခြင်းသည် အလွန်ပြည့်စုံပြီး အင်မတန်ကောင်းမွန်သော အလုပ်ဖြစ်ပါကြောင်း၊ စာပေပျောက်လျှင် လူမျိုးပျောက်နိုင်သဖြင့် စာပေထိန်းသိမ်းရေးကို အဓိကထားကြိုးစားရန် တိုက်တွန်းလိုပါကြောင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ပတ်သက်လျှင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စာပေများကို ထေရဝါဒအတိုင်း ထိန်းသိမ်းထားနိုင်သည့် မြန်မာနိုင်ငံကိုသာ အားကိုးပြုရမည်ဖြစ်ပါကြောင်း” စသည်ဖြင့် ဩဝါဒကထာများ မိန့်ကြားချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

Managing Director ဦးလှအေးက ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။

Marine Ecotourism ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ ပင်လယ်နှင့် ကမ်းရိုးတန်းဂေဟစနစ်များကို ရေရှည်ထိန်းသိမ်း ကာကွယ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ မျှဝေပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

စတုတ္ထအကြိမ်အဖြစ်ပြုလုပ်မည့် အဆိုပါဟောပြောပွဲကို ဩဂုတ် ၂၉ ရက် (စနေနေ့) ည ၇ နာရီမှ ၉ နာရီအထိ ကျင်းပမည်ဖြစ်ပြီး Zoom ID – 732 586 5920 နှင့် Passcode – 13111983 တို့ဖြင့် ဝင်ရောက်တက်ရောက်နိုင်ကြောင်း သိရသည်။ **MT**

❍ *ရှေ့ဖုံးမှ*

ကာလအတွင်း ရထားစီးခရီးသည် စီးနင်းမှုများပြားသဖြင့် ဩဂုတ် ၂၂ ရက်မှစတင်၍ မ-၄၅ နှင့် မ-၄၆ ရထား နှစ်စင်းထပ်မံတိုးချဲ့ပြီး တစ်နေ့လျှင် အစုန်/အဆန် ရထားခရီးစဉ် ခြောက်ခေါက်ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

နေ့အလိုက် ရထားစီးခရီးသည် စီးနင်းမှုအနေဖြင့် စတင်ပြေးဆွဲသည့် ဩဂုတ် ၁၉ ရက်က ခရီးသည် ၄၇၇ ဦး၊ ဩဂုတ် ၂၀ ရက်တွင် ခရီးသည် ၆၄၅ ဦး၊ ဩဂုတ် ၂၁ ရက်တွင် ခရီးသည် ၂၉၂၅ ဦး၊ ဩဂုတ် ၂၂ ရက်တွင် ခရီးသည် ၂၄၁၂ ဦး နှင့် ဩဂုတ် ၂၃ ရက်တွင် ခရီးသည် ၆၉၃၅ ဦးအထိ လိုက်ပါစီးနင်းခဲ့သဖြင့် စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ယနေ့ထိ ခရီးသည် စုစုပေါင်း ၁၃၃၉၄ ဦး လိုက်ပါစီးနင်းခဲ့သည်။

သူရဲဈေး-တောင်ပြုံး ရထားခရီးစဉ်တွင် သူရဲဈေးဘူတာမှစတင်၍ မ-၄၁ ရထားသည် နံနက် ၇ နာရီတွင်လည်းကောင်း၊ မ-၄၃ ရထားသည် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ မ-၄၅ ရထားသည် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း ထွက်ခွာ၍ တောင်ပြုံး-သူရဲဈေးရထားခရီးစဉ်တွင် တောင်ပြုံးဘူတာမှစတင်၍ မ-၄၂ ရထားသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ မ-၄၄ ရထားသည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ မ-၄၆ ရထားသည် ညနေ ၅ နာရီတွင်လည်းကောင်း ထွက်ခွာပြီး လမ်းခရီးတွင် အိုးဘို၊ မြနန္ဒာ၊ ကပိုင် ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ရထားလက်မှတ်ခအနေဖြင့် မည်သည့်ဘူတာအတွက်မဆို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးညှင်း လမ်းပိုင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းနှင့် လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် သူရဲဈေး-တောင်ပြုံး ရထားခရီးစဉ်တွင် ခရီးသည်စီးနင်းမှု ထပ်မံများပြားလာပါက ရထားထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**သတင်းစဉ်**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သည့် အရာထမ်းငယ်များအတွက် သံတမန်ရေးရာသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်



**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သည့် အရာထမ်းငယ်များအတွက် သံတမန်ရေးရာ သင်တန်း အမှတ်စဉ် (၉) ၏ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၂၀၂၆ ခုနှစ်တွင် အသစ်ခန့်အပ်လိုက်သည့် ဌာနစုမှူး-၂/အရာထမ်းငယ် ၂၉ ဦးတို့ကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ အာဆီယံရေးရာများ၊ ကောင်စစ်ရေးရာများ၊ နိုင်ငံတကာဥပဒေများနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု အရည်အသွေးမြှင့်တင်ခြင်း အစရှိသည့်ဘာသာရပ်များကို သင်တန်းကာလ ရက်သတ္တ ၁၁ ပတ်ကြာ စာတွေ့/လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက အမှာစကားပြောကြားခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၄**

ယာဉ်မတော်တဆမှု အန္တရာယ်လျှော့ချရေးအတွက် ပြည်သူလူထုအတွင်း ယာဉ်စည်းကမ်းဆိုင်ရာအသိပညာပေး စိစစ်လှုံ့ဆော်မှုများကို စာသင်ကျောင်းများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် မွန်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (Mon State Road Safety Council –MSRSC) ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။



**ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး**

အစည်းအဝေးတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးနှင့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လည်းကောင်း၊ ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လုပ်ငန်းစီမံချက်များနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအကြံပြုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ**

**(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသီးနှံများသုတေသနဌာန (ICRISAT)နှင့် ပြည်တွင်းမိတ်ဖက်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရေရှည်မဟာဗျူဟာမြောက် ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၂၄**

အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသီးနှံများ သုတေသနဌာန (ICRISAT)နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အပူပိုင်းဒေသသီးနှံများဆိုင်ရာ သုတေသနလုပ်ငန်းများ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဈေးကွက်အရအရေးပါသည့် ကုလားပဲ၊ ပဲစင်းငုံ၊ မြေပဲအပြင် အာဟာရတန်ဖိုးမြင့်သည့် လူး၊ ဆပ် သီးနှံများတွင် ရောဂါဒဏ်၊ ရေငတ်ဒဏ်ခံနိုင်ရေးအတွက် (ICRISAT)နှင့် ပူးပေါင်း၍ မျိုးသစ်များရရှိရေး၊ မျိုးအဆင့်မြှင့်တင်ရေး ဆောင်ရွက်ရမည့်အပြင် စက်ကိရိယာသုံးစွဲစိုက်ပျိုးရေး၊ ရိတ်သိမ်းချိန်လွန်စီမံခန့်ခွဲရေးနှင့် ဈေးကွက်ဖွံ့ဖြိုးရေးတို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသီးနှံများ သုတေသနဌာန ICRISAT စိုက်ပျိုးမွေးမြူရေး ပညာရှင်များနှင့် စီးပွားရေးပညာရှင်များက Asia Breeding Network (ASIABENET)၏ ဆောင်ရွက်ချက်များ၊ ညှိနှိုင်းဆွေးနွေးပွဲ၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များနှင့် ဈေးကွက်အလားအလာများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသီးနှံများ သုတေသနဌာန ICRISAT စိုက်ပျိုးရေးပညာရှင်များ၊ နှံစားပြောင်းသီးနှံ မွေးမြူရေးပညာရှင်များ၊ မြေပဲ၊ ပဲစင်းငုံ၊ လူး၊ ဆပ် သီးနှံစိုက်ပျိုးမွေးမြူရေးပညာရှင်များ၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံမျိုးစေ့ထုတ်အသင်းတို့မှ ကိုယ်စားလှယ်များနှင့် သုတေသီများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီး ဦးကိုကိုကျော် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးနှင့် ယာယီဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးနှင့် ယာယီဌာနေကိုယ်စားလှယ် Mr. Peter John Cross အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံးအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## (၂၄-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁ ~ ၃၆၆၈ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၅,၉၁၁,၂၀၈.၅၃ | ၃၁,၄၃၅,၀၃၂.၂၆ | ၆,၃၁၁,၁၂၂.၆၁ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှ ဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

ပ ညာ ရဲ ရင့် ပွဲ လယ် တင့်

# စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပ

**စစ်ကိုင်း ဩဂုတ် ၂၄**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ကျင်းပပြီး စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က "လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကား ပြောကြားခြင်း၊ "၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့" အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက် မှတ်တမ်း Video Clip ကို ပြသခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ဟောပြောဆွေးနွေးချက်များအပေါ် တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူ လူငယ်များကသိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ပြန်လည်ဖြေကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းထံ အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပေးအပ်

**ပုသိမ် ဩဂုတ် ၂၄**

ကုမ္ပဏီများနှင့် ချောင်းသာဟိုတယ်ဇုန်တို့မှ အလှူရှင်များနှင့် စေတနာရှင် အလှူရှင်များသည် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဧည့်ရိပ်သာ၌ လာရောက်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဦးစွာ ရွှေမဟာစံကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၅၀၊ ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက် (Gold Delta Co., Ltd)က အလှူငွေကျပ်သိန်း ၁၀၀၀၊ Than Thar ထရေးဒင်းကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားအုန်းဆီ ၅၀ ကျပ်သားဘူး ၅၀၀၀၊ ချောင်းသာဟိုတယ်ဇုန်မှ အလှူရှင်များက ငွေကျပ် ၁၈၂ သိန်းငါးသောင်းတန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေကျပ် ၁၂၆ သိန်း၊ ရေကြည်မြို့နယ် အသုတ်မြို့ ရွှေစပါးမြန်မာကုမ္ပဏီလီမိတက်က မီးစက်တစ်လုံးလျှင် ငွေကျပ် ၃၆ သိန်း တန်ဖိုးရှိ မီးစက်သုံးလုံးတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်းပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဟင်္သာတမြို့နယ် ကညင်ငူကျေးရွာအုပ်စု အုတ်ပုံကျေးရွာ ရတနာသီရိပုညကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ရေကျဆင်းပြီးနောက်ပိုင်း ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးတို့အတွက် အားလုံးပူးပေါင်း ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က အားပေးစကား ပြောကြားကာ ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး၊ အစာအဆိပ်သင့်မှု မဖြစ်စေရေး၊ မြွေအန္တရာယ် ကာကွယ်ရေးနှင့် တုပ်ကွေးကာကွယ်ဆေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးမည့် အစီအစဉ်များကို အသိပညာပေး ဟောပြော၍ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဟင်္သာတမြို့နယ် ကညင်ငူကျေးရွာ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ အားပေးစကား ပြောကြားပြီး ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ဣန္ဒာသယကျောင်းတိုက်၌ ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေဘေးရှောင်စခန်းများနှင့် ပြည်သူများထံ ဖြန့်ဖြူးပေးမှုနှင့် တိုင်းရင်းဆေးခန်း ဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စစ်ကုန်းကျေးရွာ ကွပ်ကဲရေးရုံး၌ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ တလုတ္တော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာများနှင့် စားသောက်ဖွယ်ရာများ စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ တာတမံနိမ့်ကျနေမှုနေရာတွင် Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာတွင် ငဝန်မြစ်ရေ တိုက်စားမှုကြောင့် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့် နေရာတွင် Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မြစ်ရေ စီးကျော်ဝင်သည့်နေရာတွင် Stand Pipe ရိုက်၍ ကာရံခြင်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်၌ နိမ့်ကျတာ၏ တစ်ဖက်စီမှ နှစ်ဖက်ပြိုင်တူ Stand Pipe များ ဆက်လက်ရိုက်နိုင်ရန်အတွက် စက်၊ ယာဉ်/ယန္တရားများဖြစ်သည့် ကရိန်းများ၊ တွန်းသင်္ဘောနှင့် Barge တွဲစသည်တို့ကို နေရာချထားမှု၊ တာတမံကာရံပိတ်ဆို့ရန်အတွက် ကရိန်းများဖြင့် သံအိတ်များချခြင်း၊ ရိုက်သွင်းထားပြီးဖြစ်သည့် Stand Pipe များ ပိုမိုခိုင်ခံ့စေရန် H beam 400 mm x 400 mm များဖြင့် ကျားကန်/ ဒေါက်ကန်၍ အားဖြည့်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ Barge တွဲများပေါ်တွင် Steel Sheet Pile နှင့် Stand Pipe များ Welding တွဲဆက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ Split Barge သောင်တူးသင်္ဘော ရောက်ရှိမှုနှင့် Stand Pipe ရိုက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး Steel Sheet Pile နှင့် Stand Pipe များ ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်နှင့် လုပ်ငန်းများ အချိန်တိုအတွင်းပြီးစီးရေး တွန်းအားပေးဆောင်ရွက်ကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဗိုလ်မြတ်ထွန်းတံတားရှိ တောင်တန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရောဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ)က ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားကွန်ရက်များအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးများသော ဒေသဖြစ်သည့်အတွက် မိုးရာသီတွင် လမ်းပေါ်ရေများမတင်စေရေး ဆောင်ရွက်သွားရန်၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်သွားရန်နှင့် လမ်းဘေးဝဲ/ ယာတွင် ချုံနွယ်၊ မြက်ပင်များ ရှင်းလင်း ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် အမှတ်(၃) လမ်းဆုံတိုးလ်ဂိတ်နှင့် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး ၁၁၅ မိုင် (ဖြူး) တိုးလ်ဂိတ်၊ နေပြည်တော်စီ လမ်းဆုံ တိုးလ်ဂိတ်တို့တွင် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှု၊ လမ်းအသုံးပြုခကောက်ခံရရှိမှု၊ တိုးလ်ဂိတ်အဆောက်အအုံ၊ CCTV အခန်းတို့ကိုကြည့်ရှုစစ်ဆေးပြီး ကောက်ခံရရှိမှု စာရင်းဇယားများကို မှန်ကန်မှုရှိစေရေး၊ သတ်မှတ်တန်ချိန်များအတိုင်း သွားလာနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





**စာ ပေ မြင့် မှ လူ မျိုး တင့် မည်**

❑ *ရှေ့ဖုံးမှ*

အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ယနေ့နံနက်မှ ဩဂုတ် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

# တည်နေရာကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်ယုံကြည်မှုတို့ အပြည့်အဝရှိသည့် မိတ်ဆွေ

**သိဃ်သူ**

*(ယမန်နေ့က အဆက်)*

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဩဂုတ် ၁၇ ရက်မှ ဩဂုတ် ၂၃ ရက်အထိ တစ်ပတ်တာ ခရီးစဉ်ကို မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံး တွေ့မြင်ကြားသိခဲ့ကြရပြီးဖြစ်သည်။ စတင်ထွက်ခွာခဲ့သည်မှ အိန္ဒိယနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ကို ဖြတ်သန်း၍ ဥရောပအရှေ့ပိုင်းရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မြို့တော်မော်စကို၊ ယင်းမှသည် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ မြို့တော်မင့်စ်နှင့် ထိုမှတစ်ဖန် အာရှတိုက်၏ အလယ်ဗဟိုတည့်တည့်တွင် တည်ရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ်၏မြို့တော် ကီဇီးလ်၊ ထိုမှသည် နိုင်ငံတော်သို့ အပြန်ခရီး။

ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် တာထွက်ကာလတွင် အရှိန်အဟုန်မြှင့်တင်နေခြင်းဟူ၍ ရှုမြင်မိသည်။ နိုင်ငံတော်သမ္မတအနေဖြင့် အစိုးရသစ်၏ ကနဦးကာလလအနည်းငယ်အတွင်းမှာပင် အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ယခုရုရှားဖက်ဒရေးရှင်းနှင့် ဘယ်လာရုစ်ဟူ၍ စုစုပေါင်းခြောက်နိုင်ငံသို့ တရားဝင်ခရီးစဉ်များ သွားရောက်ခဲ့ပြီးပြီဖြစ်သည်။ အိန္ဒိယ၊ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့သို့ သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ ခရီးစဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်အခြေပြမိန့်ခွန်းကို ပြန်လည်လေ့လာကြည့်ရန် လိုသည်။

“မိမိတို့နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာနှင့် တိုက်ရိုက်ပေါက်ရောက်ပြီး ပင်လယ်ကမ်းရိုးတန်း ၂၃၃၈ ကီလိုမီတာရှိသလို ဒေသတွင်း အာဆီယံနိုင်ငံများတွင်လည်း ကုန်းမြေဧရိယာ အများဆုံးပိုင်ဆိုင်သည့် နိုင်ငံတစ်ခုလည်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီဝင်အနေအထားအရ အာရှတိုက်၏ အင်အားကြီးနိုင်ငံများအကြား ဗဟိုချက်မတွင် တည်ရှိနေသည့်အတွက် ဒေသတွင်း ကုန်သွယ်မှုတံတားအဖြစ် ဖော်ဆောင်ရေးသည် မိမိတို့အစိုးရအဖွဲ့၏ အရေးကြီးသည့် မဟာဗျူဟာမြောက် ရည်မှန်းချက်တစ်ခု ဖြစ်ပါကြောင်း။

“ထို့ကြောင့် မိမိတို့အနေဖြင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော်လမ်းမကြီး စီမံကိန်းကို အထူးအလေးထား ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့အစိုးရတာဝန်ယူထားရသည့် ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးမှုရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် “ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း” (BRI) ၏ အဓိကစီမံကိန်းတစ်ခုဖြစ်သည့် မန္တလေး-မူဆယ် ရထားလမ်းစီမံကိန်းသည် မိမိတို့နိုင်ငံ၏ မြောက်ဘက်စီးပွားရေးတံခါးပေါက်ကို ဖွင့်လှစ်ပေးမည့် အသက်သွေးကြောလည်း ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ် ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို များစွာ အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း” ဟူ၍ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတပြောကြားခဲ့သည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပါအချက်အလက်များအရ အစိုးရ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှု စတင်လိုက်ခြင်းလည်းဖြစ်သည်။

ကမ္ဘာပေါ်တွင် စီးပွားရေး၊ စစ်ရေးအင်အားကြီး နိုင်ငံများအဖြစ် တက်လှမ်းလာနေသည့် တရုတ်နှင့် အိန္ဒိယ၊ လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော် ကိုယ်စီရှိကြသော ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီးများဖြစ်ကြသည့် တရုတ်နှင့် အိန္ဒိယ၊ နိုင်ငံတကာရေးရာတို့တွင် အရေးပါသောနေရာတွင် ရှိနေသည့် တရုတ်နှင့် အိန္ဒိယ၊ ထိုနိုင်ငံကြီး နှစ်နိုင်ငံက မိမိတို့ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အတူတကွ ချမှတ်ခဲ့ပြီး ချစ်ကြည်ရင်းနှီးသည့် နိုင်ငံကြီးများဖြစ်သကဲ့သို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများလည်းရှိနေသည်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ၏ ပထမဆုံးခရီးစဉ်များသည် အဆိုပါနိုင်ငံကြီး နှစ်နိုင်ငံဖြစ်ခဲ့ပြီး ဆက်လက်၍ အာဆီယံအဖွဲ့ဝင် အိမ်နီးချင်းနှစ်နိုင်ငံဖြစ်ရာ အားလုံးအကျိုးတူ စီးပွားဖက် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည်။

“ဒီနေ့ (ဩဂုတ် ၂၃ ရက်) ဆိုရင် နိုင်ငံတော်အစိုးရသစ်တက်လာတာ ၁၃၆ ရက် ရှိပါပြီ၊ ဒီနေ့မပါဆိုရင် ၁၃၅ ရက်အတွင်းမှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လို့ နိုင်ငံပေါင်း ခြောက်နိုင်ငံကို သွားရောက်ခဲ့ပြီးဖြစ်ပါတယ်။ သမ္မတကြီးက ခြောက်နိုင်ငံမှာ အားလုံး မိုင်ပေါင်း ၂၀၀၀၀ နီးပါး ခရီးသွားခဲ့ပါတယ်။ ဒီခရီးစဉ်တွေအတွင်း တရုတ်၊ အိန္ဒိယနဲ့ ရုရှားစတဲ့ ကမ္ဘာ့နိုင်ငံကြီးသုံးနိုင်ငံအပါအဝင် ခြောက်နိုင်ငံလုံးက Head of State၊ Head of Government၊ လွှတ်တော်၊ Regional Level၊ Ministerial Level ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒီခရီးစဉ်တွေကနေ အပြန်အလှန်ယုံကြည်မှုတွေ တည်ဆောက်နိုင်ခဲ့ပါတယ်။ မဟာဗျူဟာမြောက် ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်” ဟူ၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံတကာဆက်ဆံရေးနှင့် စပ်လျဉ်း၍ မီဒီယာ၏မေးမြန်းမှုကို နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ဩဂုတ် ၂၃ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် အမျိုးသားပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။



ဩဂုတ် ၂၃ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် ကီဇီးလ်မြို့ရှိ အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia တွင် ကြည့်ရှုလေ့လာစဉ်။

> ❑ **“မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးမှာ ဘယ်လာရုစ်နိုင်ငံက အကန့်အသတ်လုံးဝမရှိဘူး။ အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားမယ်။ နောက်တစ်ခုက မြန်မာနိုင်ငံကို တခြားမိတ်ဆွေနိုင်ငံတွေနဲ့မတူဘဲ မြန်မာနိုင်ငံမှာလိုအပ်နေတဲ့ ကုန်ပစ္စည်းတွေကို ကျွန်မတို့ပြည်တွင်းမှာ ထုတ်လုပ်နိုင်တဲ့အထိကို သူတို့ကူညီဆောင်ရွက်သွားမယ်၊ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမယ်၊ ဈေးကွက်တစ်ခုအနေနဲ့သာ ရှုမြင်တာမဟုတ်ဘဲ ကျွန်မတို့ မိတ်ဆွေရင်းချာနိုင်ငံတွေအဖြစ် ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုပြီး ပြောပါတယ်” ဟူ၍ မြန်မာ - ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ရာ နိုင်ငံ့ခေါင်းဆောင်အချင်းချင်း ပုဂ္ဂိုလ်ရေးရင်းနှီးခင်မင်မှုများမှတစ်ဆင့် ဖြစ်တည်လာသည့် နိုင်ငံအချင်းချင်း မိတ်ဆွေရင်းချာဆက်ဆံမှုပင်ဖြစ်**

၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်တို့ ရှေ့မှောက်၌ နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်စုစုပေါင်း ၁၂ ခုကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြရာ-

(၁) တစ်ဖက်သတ် အကျပ်ကိုင်ဆောင်ရွက်မှုများ (ပိတ်ဆို့အရေးယူမှုများ) ၏ ဆိုးရွားသော သက်ရောက်မှုများကို ပူးပေါင်းတုံ့ပြန်ဖြေရှင်းရန်နှင့် ဆန့်ကျင်ရန် နည်းလမ်းများဆိုင်ရာ ပူးတွဲကြေညာချက်၊

(၂) ယှဉ်ပြိုင်မှု အဖွဲ့အစည်းများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊

(၃) လျှပ်စစ်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

(၄) ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊
(၅) ရေဒီယိုအီလက်ထရောနစ်နှင့် ဒီဂျစ်တယ်နည်းပညာနယ်ပယ် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊
(၆) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT) ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊
(၇) ဂြိုဟ်တု လမ်းညွှန်စနစ်များ (Satellite Navigation System) ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊
(၈) လူသားပါဝင်သော အာကာသပျံသန်းမှုလုပ်ငန်းစဉ်များ (Manned Spaceflight) ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊
(၉) ဂြိုဟ်တုအခြေပြုရှာဖွေရေးနှင့် ကာကွယ်ရေးစနစ်(COSPAS-SARSAT) ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊
(၁၀) ကမ္ဘာ့အနီးပတ်ဝန်းကျင် အာကာသအတွင်း အန္တရာယ်ရှိသော အခြေအနေများကို အလိုအလျောက် ကြိုတင်သတိပေးစနစ် (ASPOS)ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊
(၁၁) မြန်မာနိုင်ငံ အာကာသအေဂျင်စီ (Myanmar Space Agency) နှင့် ရုရှားနိုင်ငံ Plekhanov Russian University of Economics တို့အကြား ပညာရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့်
(၁၂) ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ တို့ဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လက်မှတ်ရေးထိုးလဲလှယ်ခဲ့သည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် ကိုးခုနှင့်ဆိုပါလျှင် နိုင်ငံတော်သမ္မတကြီး၏ ရက်သတ္တတစ်ပတ်တာ ခရီးစဉ်အတွင်း စုစုပေါင်း MoU ၂၁ ခု ရေးထိုးခဲ့ခြင်း ဖြစ်သည်။

လမ်းကြောင်းတစ်ကြောင်းတည်း သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်နှစ်ခုအတွင်း နိုင်ငံနှစ်နိုင်ငံ၏ နိုင်ငံအကြီးအကဲနှစ်ဦးတို့နှင့် ပုဂ္ဂိုလ်ရေးရင်းနှီးခင်မင်မှု၊ အဆင့်မြင့်ဆွေးနွေးမှုများမှ နိုင်ငံအတွက် အကျိုးစီးပွား များစွာဖြစ်ထွန်းလာစေသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကြေညာချက်များနှင့် အပြန်အလှန်ပြောကြားချက်များ၌ ရုရှားသမ္မတက မြန်မာနိုင်ငံတွင် သဘာဝသယံဇာတရှာဖွေရေး၊ မြန်မာနိုင်ငံ ကမ်းလွန်အပါအဝင် ရေနံဓာတ်ငွေ့တူးဖော်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံကို ရုရှားက LNG တင်ပို့ရန် အလားအလာများစွာရှိကြောင်း၊ အဆိုပါ LNG ကို ပြည်တွင်းအသုံးပြုရေးအပါအဝင် အခြားနိုင်ငံများကိုလည်း တင်ပို့၍ရပါကြောင်း၊ အရင်နှစ်က မြန်မာနိုင်ငံတွင် အဏုမြူဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း စီမံကိန်းအများအပြားဆောင်ရွက်ရန် အလားအလာရှိကြောင်း၊ မြန်မာနိုင်ငံ တောင်ဘက်ပိုင်းတွင် ရေနက်ဆိပ်ကမ်း တည်ဆောက်မှုစီမံကိန်းကို ဆွေးနွေးနေကြောင်း စသည့်ပြောကြားချက်များနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ပြောကြားချက်တွင်ပါရှိသည့် မိမိတို့အနေနဲ့ ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍ အပါအဝင် နယ်ပယ်ပေါင်းစုံမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အလားအလာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ကြောင်း ပြောကြားချက်များမှတစ်ဆင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဖြစ်တည်လာမည့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများကို မျှော်မှန်းကြည့်နိုင်သည်။ ယင်းတို့အနက် ထားဝယ်ရေနက်ဆိပ်ကမ်း၊ အဏုမြူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံနှင့် အာကာသနည်းပညာကဏ္ဍတို့မှာ ခုန်ပျံကျော်လွှား တိုးတက်မှုများ ဖြစ်ပေါ်လာစေနိုင်သည့် ကဏ္ဍများပင်ဖြစ်သည်။



ဩဂုတ် ၂၃ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နေပြည်တော်လေဆိပ်၌ ကျောင်းသား ကျောင်းသူလေးများက ဂုဏ်ပြုပန်းစည်းဖြင့် ကြိုဆိုနှုတ်ဆက်စဉ်။

အာကာသဂြိုဟ်တုနည်းပညာနှင့် ပတ်သက်၍ အများအပြားဆွေးနွေးခဲ့ရာ အဓိကအားဖြင့် လေးခုဖြစ်ကြောင်း၊ ၂၀၂၈ ခုနှစ်တွင် မြန်မာအာကာသယာဉ်မှူးကို အာကာသယာဉ်နှင့် စေလွှတ်နိုင်ရေး၊ ဂြိုဟ်တုအခြေပြု ရှာဖွေကယ်ဆယ်ရေး station မြန်မာနိုင်ငံတွင် တည်ဆောက်ရေး၊ GNSS Station တည်ဆောက်ရေး၊ အာကာသမှ ကမ္ဘာမြေအနီးတွင် အာကာသအန္တရာယ် ကျရောက်နိုင်သည့် အရာများကို စောင့်ကြည့်ကာကွယ်ရန် station တည်ဆောက်ရေးတို့ကို MoU ထိုးနိုင်ခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက ထိုင်းနိုင်ငံအတွက်လည်း ပို့ကုန်သွင်းကုန်များအတွက် အခြားရွေးချယ်စရာ ကုန်သွယ်ရေးတံခါးပေါက်တစ်ခု ဖြစ်လာမည်ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းသည် မလက္ကာရေလက်ကြားတွင် အကြောင်းကြောင်းကြောင့် ပိတ်ဆို့မှုဖြစ်ပါက ဖြစ်ပေါ်လာနိုင်သည့် ကုန်သွယ်ရေးအန္တရာယ်ကို လျှော့ပေးနိုင်မည့်နေရာလည်းဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းသည် ထိုင်းနိုင်ငံ ချွန်ဘူရီရှိ လမ်ချာဘန် ဆိပ်ကမ်းနှင့် နီးစပ်သဖြင့် ကားလမ်း၊ ရထားလမ်းများဖြင့် အလွယ်တကူချိတ်ဆက်နိုင်ပြီး ထိုင်းနိုင်ငံအားဒေသတွင်း လော်ဂျစ်စတစ်ဖြစ်လာစေမည့် အခွင့်အလမ်းတစ်ရပ်အဖြစ် ထိုင်းနိုင်ငံက စိတ်ဝင်စားလျက်ရှိသည်ဟုလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။

နိုင်ငံတော်သမ္မတကြီး၏ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အတွင်း ဘယ်လာရုစ်သမ္မတကြီးနှင့် နှစ်ကြိမ်တိုင်တိုင် တရင်းတနှီး တွေ့ဆုံဆွေးနွေးခဲ့သည်။ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် စီးပွားရေးဖိုရမ်ပြုလုပ်ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမြေ၊ လုပ်သားအင်အား အားသာချက်ရှိကြောင်း၊ ဘယ်လာရုစ်နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးနည်းပညာ၊ ဓာတ်မြေသြဇာစက်ရုံ၊ ကမ္ဘာကျော် လယ်ယာထုတ်ကုန်ပစ္စည်းကိရိယာများထုတ်လုပ်မှု အားသာချက်ရှိကြောင်း၊ နှစ်နိုင်ငံအားသာချက်များကို ပူးပေါင်းပြီး farming မှ food Processing အထိ ပူးပေါင်းဆောင်ရွက်ရန်၊ ရင်းနှီးမြှုပ်နှံရန် သဘောတူညီချက်များရရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် သမ္မတကြီးက ထားဝယ်ရေနက်ဆိပ်ကမ်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်၊ စက်ရုံများဆောက်ရန်၊ တာယာစက်ရုံ၊ ကုန်တင်ယာဉ်အကြီးစားများ ဆောက်ရန်၊ သီလဝါစီးပွားရေးဇုန်တွင်လည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးခဲ့သည်ဟု မီဒီယာများ၏မေးမြန်းမှုကို ဖြေကြားရာတွင် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးမှာ ဘယ်လာရုစ်နိုင်ငံက အကန့်အသတ်လုံးဝမရှိဘူး။ အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားမယ်။ နောက်တစ်ခုက မြန်မာနိုင်ငံကို တခြားမိတ်ဆွေနိုင်ငံတွေနဲ့မတူဘဲ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ကုန်ပစ္စည်းတွေကို ကျွန်မတို့ပြည်တွင်းမှာ ထုတ်လုပ်နိုင်တဲ့အထိကို သူတို့ကူညီဆောင်ရွက်သွားမယ်၊ အပြန်အလှန် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမယ်၊ ဈေးကွက်တစ်ခုအနေနဲ့သာ ရှုမြင်တာမဟုတ်ဘဲ ကျွန်မတို့ မိတ်ဆွေရင်းချာနိုင်ငံတွေအဖြစ် ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုပြီး ပြောပါတယ်" ဟူ၍ မြန်မာ- ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ရာ နိုင်ငံ့ခေါင်းဆောင်အချင်းချင်း ပုဂ္ဂိုလ်ရေးရင်းနှီးခင်မင်မှုများမှတစ်ဆင့် ဖြစ်တည်လာသည့် နိုင်ငံအချင်းချင်း မိတ်ဆွေရင်းချာ ဆက်ဆံမှုပင်ဖြစ်သည်။

ယနေ့နိုင်ငံတော်အစိုးရသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဆိုသည့် ဦးစားပေး ရည်မှန်းချက်နှစ်ရပ်ကို လက်ကိုင်ထား၍ ဘက်စုံကဏ္ဍစုံတွင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အရေးကြီးသည့်အချက်မှာ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိရေးသည် အခြေခံအကျဆုံးဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက "သစ်အဆွေးနှင့် ပန်းပုထု၍ မရသကဲ့သို့ တိုင်းပြည်မအေးချမ်းလျှင် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနှောင့်အယှက်မရှိ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း" ပြောကြားထားသည်။

ထို့အပြင် မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်သစ်ကို တည်ဆောက်သွားမည်ဖြစ်ပြီး အတွေးအခေါ် နောက်ကျမကျန်ရစ်ခဲ့စေရန် မိမိအနေနှင့် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးကို အရှိန်ရအောင် မိမိအနေဖြင့် နှစ်နှစ် အချိန်ယူမည်ဖြစ်ပါကြောင်း၊ အရှိန်အဟုန်ဖြင့် တည်ဆောက်မှုကို သုံးနှစ် အချိန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးကလည်း မိမိတို့နှင့်အတူ ကဏ္ဍအသီးသီးမှ တက်ကြွစွာ ပါဝင်ကူညီပေးကြရန် အလေးအနက် တိုက်တွန်းပါကြောင်း နိုင်ငံတော်အခြေပြမိန့်ခွန်းတွင်ပြောကြားခဲ့ရာ ပြည်သူနှင့် အစိုးရ ဖွဲ့လုံ့လဝီရိယများစွာဖြင့် လက်တွဲညီညာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရပ်စောက်မြို့နယ်ရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ကော်ဖီစိုက်ပျိုးခြံနှင့် မက္ကဒေးမီးယားခြံတို့ကို ကွင်းဆင်းကြည့်ရှု



**ရပ်စောက် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်ရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်ကော်ဖီခြံနှင့်မက္ကဒေးမီးယားခြံတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ကော်ဖီစက်ရုံ၊ သရက်သီးထုပ်ပိုးစက်ရုံ၏ သရက်သီး ထုတ်လုပ်ဖြန့်ဖြူးနေမှုနှင့် နိုင်ငံခြားသို့တင်ပို့မည့် သံပရိုသီးများ ထုပ်ပိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

❍ *ကျော်ဖုံးမှ*

အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယနေ့တွင် အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသား(၂)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး(၂)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ် ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ်၂၅ရက်တွင် အမျိုးသား(၂)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည်(နောက်ဆုံး) ပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ၊ အမျိုးသမီး(၂) ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်(နောက်ဆုံး) ပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ *ကျော်ဖုံးမှ*

၅၁ ကီလိုဝိတ်တန်းတွင် အောင်အောင်ဦး (PAING CLUB) နှင့် ခန့်ဇော်သူ (တောင်ဥက္ကလာ)၊ သော်ဇင်ဦး (ဗလကြီး) နှင့် ဘုန်းပြည့်စုံအောင် (သန်လျင်)တို့ တွေ့ဆုံမည်ဖြစ်ကာ ၅၄ ကီလိုဝိတ်တန်းတွင် သန့်စင်ကျော် (ANB) နှင့် ဇော်ဒူလ(တော်ဝင်ဧရာ)၊ ထက်နိုင်အောင် (ပြည်ထဲရေး)နှင့် ဟန်ထူးဇင် (ကျားမနိုင်)တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆက်လက်၍ ၅၇ ကီလိုဝိတ်တန်းတွင် ဟန်ထွဋ်မင်း (ANB) နှင့် စည်သူအောင် (MAF)၊ ကျော်စွာမင်း (ကျိုက္ကလဲ့/ရွှေကျင်) နှင့် ချစ်ထူး (ကျားမနိုင်)၊ ရှိုင်းမင်းထွန်း (တော်ဝင်ဧရာ) နှင့် ဇေလင်းခန့် (သန်လျင်)၊ ကျော်မင်းလွင် (ZEAL) နှင့် သန့်စင်အောင် (DOJO-9)၊ ရဲထက်ပိုင် (MBC)နှင့် ထက်အောင်စည်လင်း(သမန်းကျား)၊ ဥက္ကာဇော်(DOJO-9) နှင့် ဇော်လင်းထွေး (MAF) တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

၆၀ ကီလိုဝိတ်တန်းတွင် ရဲထက်ပိုင် (MBC) နှင့် ထက်အောင်စည်လင်း(သမန်းကျား)၊ ဥက္ကာဇော် (DOJO-9) နှင့် ဇော်လင်းထွေး (MAF) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၆၃ ဒသမ ၅ ကီလိုဝိတ်တန်းတွင် ရန်ရှင်း (MAF) နှင့် သီဟ (ပြည်ထဲရေး) တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

၆၇ ကီလိုဝိတ်တန်းတွင် ဇော်မျိုးလင်းထွန်း (FocusPower) နှင့် ခန့်သူအောင် (ကျိုက္ကလဲ့/ရွှေကျင်)၊ နေမျိုးထွန်း (PAING CLUB) နှင့် နော်အောင်လတ် (DOJO-9)၊ ဖြိုးသီဟကျော် (ပြည်ထဲရေး) နှင့် ဝေယံ (MAF) တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

၇၁ ကီလိုဝိတ်တန်းတွင် ကျော်မြင့်မြတ် (ကျိုက္ကလဲ့/ရွှေကျင်)နှင့် ချစ်လင်းဇော် (PAING CLUB) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၈၀ ကီလိုဝိတ်တန်းတွင် ကောင်းထက်ဇော် (DOJO-9) နှင့် စောဒဲနစ် (MBC) တို့ ယှဉ်ပြိုင်ထိုးသတ်သွားကြမည်ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကလပ်အသင်းပေါင်းစုံ အမျိုးသား/အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲနှင့် တိုင်းဒေသကြီး လူရွေးပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုး**

---

❖ *ကျော်ဖုံးမှ*

ပူးပေါင်းအဖွဲ့သည် သတင်းအရ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်တွင် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်နေ စိုးအောင်နိုင် (၄၀) နှစ်နှင့် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကွက်သစ်နေ မစန်းစန်းဝင်း(ခ) စန်းသော်တာ(၄၅) နှစ်တို့ နှစ်ဦးထံမှ ဘိန်းဖြူ ၁ ဒသမ ၂၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၄၂၃ ဒသမ ၅ သိန်း) နှင့် TOYOTA COROLLA မော်တော်ယာဉ် တစ်စီး၊ HONDA CLICK ဆိုင်ကယ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁) ရပ်ကွက်တွင် ဖမ်းဆီးရမိ ဘိန်းဖြူများ ရောင်းချပေးသူ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေ မြထူး (၃၀)နှစ်အား ဘိန်းဆီခဲ ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် သိန်း ၃၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၇၅ သိန်း) နှင့် CLICK ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

၎င်း၏ ဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ တည်းခိုခန်းတွင် ဖယ်ခုံမြို့နယ် ပီကင်းရွာနေ အီညားရှို့(၃၉)နှစ်နှင့် ဖယ်ခုံမြို့နယ် စလင်းမိုင်းငံရွာနေ အန်တောမြို့ (၂၉) နှစ်တို့ကို TOYOTA HILUX SURF မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် ထွန်းတိုးရပ်ကွက်ရှိနေအိမ်မှ ဘိန်းဖြူ ၁၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၇၅၀)၊ စိတ်ကြွဆေးပြား ၃၆၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၅၄၉၀)၊ ဘိန်းစိမ်း ၄၈ ကီလို



တရားခံ စိုးအောင်နိုင်၊ စန်းစန်းဝင်း(ခ)စန်းသော်တာ၊ မြထူး တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူ ၁ ဒသမ ၂၁ ကီလိုနှင့်အတူ တွေ့ရစဉ်။

(တစ်ကီလိုလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၈၀) နှင့် ဘိန်းဆီခဲ ၁၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၇၅ သိန်း) သိမ်းဆည်းရမိသဖြင့် စိုးအောင်နိုင်၊ စန်းစန်းဝင်း (ခ) စန်းသော်တာ၊ မြထူး၊ အီညားရှို့နှင့် အန်တောမြို့တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့တူ ဩဂုတ် ၂၂ ရက် ည ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ဆရာစံလမ်းတွင် ကာလိမြို့ အမှတ်(၅) ရပ်ကွက်နေ စိုင်းဟန်လှိုင်း(၃၁) နှစ် မောင်းနှင်လာသော SUZUKI ERTIGA အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀၀)၊ အက်တက်စီဆေးပြား ၁၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၅၀၀)၊ HAPPY WATER ၅ ဒသမ ၇၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၄၅၀) နှင့် HAPPY WATER ပါရှိသည့် VAPE ခေါင်းအခု ၂၅၀ (တစ်ခုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၅၀) ကို ဖမ်းဆီးရမိသဖြင့် စိုင်းဟန်လှိုင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ မြထူး အား ဖမ်းဆီးရမိသည့် ဘိန်းဆီခဲ ၂ ဒသမ ၅ ကီလိုနှင့်အတူ တွေ့ရစဉ်။

---

▼ *ကျော်ဖုံးမှ*

အသက် ၂၂ နှစ်အရွယ် တိုက်စစ်ကစားသမား ဟိန်းထက်အောင်သည် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲမှတစ်ဆင့် ၂၀၂၂ ခုနှစ်တွင် သစ္စာအားမာန်အသင်းသို့ရောက်ရှိကာ ပရော်ဖက်ရှင်နယ် ဘောလုံးသမားဘဝကို စတင်ခဲ့သူဖြစ်သည်။

၂၀၂၅ ရာသီတွင် ဧရာဝတီယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပြီးခဲ့သည့်ရာသီက ဧရာဝတီအတွက် လေးဂိုးသွင်းယူပေးခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲ၏ ပဏာမစာရင်းတွင် ပါဝင်ခဲ့သူဖြစ်သည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် ၎င်းအား ၂၀၂၉ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲပြီးဆုံးချိန်အထိ သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အလားတူ ခံစစ်ပိုင်းအတွက် မြန်မာ ယူ-၂၂ လက်ရွေးစင် ဂိုးသမား အောင်ပြည့်ဖြိုးကိုလည်း နှစ်နှစ် စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ ၎င်းသည် မြန်မာ ယူ-၁၉ အသင်းမှတစ်ဆင့် လက်ရွေးစင် ကစားသမားဘဝကို စတင်ခဲ့ပြီး ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ ယူ-၂၂ အသင်းတွင် ပါဝင်ကစားခဲ့သူ ဖြစ်သည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅-၂၆ ရာသီအထိ ဒဂုံစတားအသင်း၌ အဓိကဂိုးသမားအဖြစ် လက်စွမ်းပြခဲ့သူလည်းဖြစ်သည်။

ဟံသာဝတီယူနိုက်တက်အသင်းသည် လာမည့် ၂၀၂၆-၂၇ ဘောလုံးရာသီတွင် အမှတ်ပေးဇယား ထိပ်ပိုင်း၌ ရလဒ်ကောင်းများ ရရှိနိုင်ရန်အတွက် အထောင်တိုက်စစ်၊ တောင်ပံနှင့် ဂိုးသမားနေရာများတွင် တည်ငြိမ်မှုရှိသည့် လူငယ်ခြေတက်ကစားသမားများကို အားဖြည့်ကာ အသင်း၏ လိုအပ်ချက်ကို အဆင့်မြှင့်တင်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-HUFC**

---

❂ *ကျော်ဖုံးမှ*

ဗထူးကွင်း၊ ပဲခူးမြို့ရှိ Grand Royal ကွင်း၊ တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းနှင့် ပုသိမ်မြို့ရှိ ကျောက်တိုင် အားကစားကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။

ယခုပွဲစဉ်ဇယားထုတ်ပြန်ရာတွင် မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပွဲစဉ်များ၊ AFC နှင့် AFF ကလပ်အသင်း ပြိုင်ပွဲစဉ်များ၊ အိမ်ကွင်း၊ အဝေးကွင်းကစားရမည့် အခြေအနေများနှင့် ရုပ်သံရိုက်ကူးထုတ်လွှင့်မှု အဆင်ပြေစေရေးတို့အတွက် ဘက်ပေါင်းစုံညှိနှိုင်းထားကြောင်း သိရသည်။

**နေမျိုး**

---

✳ *ကျော်ဖုံးမှ*

ပြိုင်ဘက်တင်းနစ်မယ် ပဲဂူလာသည် ပြိုင်ပွဲတစ်လျှောက်တွင် နာဗာရို၊ ဆာစတီယာ၊ အနီဆီမိုဗာ၊ ရီယွန်တက်ခ် စသည့်တင်းနစ်မယ်များကို အဆင့်ဆင့်ကျော်ဖြတ်နိုင်ခဲ့သော်လည်း နောက်ဆုံးဗိုလ်လုပွဲတွင် ကိုကိုဂေါ့ဖ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့ခြင်း ဖြစ်သည်။

စင်စင်နတီအိုးပင်းတင်းနစ်အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြင်သစ်တင်းနစ် အကျော်အမော် အာသာဖေးလ်က အမေရိကန်တင်းနစ်ကစားသမား ဖရန့်စ်တီယာဖိုးကို ၆-၃၊ ၁-၆၊ ၆-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

**အောင်ဇော်**

---

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကယားပြည်နယ်၌ ငါးသားဖောက်ခြင်းနှင့် ငါးမျိုးစိုက်ထည့်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် ငါးမွေးတောင်သူများအား ငါးသားပေါက်များ ဖြန့်ဝေပေးရန်လိုအပ်

**လွိုင်ကော် ဩဂုတ် ၂၄**

ကယားပြည်နယ်၌ သားငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ငါးသားဖောက်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် ငါးမွေးတောင်သူများအား ငါးသားပေါက်များ ဖြန့်ဝေနိုင်ရေးဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းက နောင်ယား(ခ)ရပ်ကွက်ရှိ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမွေးမြူရေးကန် အမှတ်(၁)နှင့် အမှတ်(၂) ကန်ပေါင် ကျောက်စီခြင်း၊ အရှည်ပေ ၂၅၀ ခြံစည်းရိုးကို Chain Link ကာရံခြင်းလုပ်ငန်းနှင့် ငါးကန်များအတွင်း ငါးခုံးမကြီးအမျိုးအစား ငါးမွှံခြောက်သိန်း မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က မှာကြားခဲ့သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်မြို့ ပန်ကန်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ပန်ကန်းကျေးရွာ၊ ဗေဒါလမ်း အရှည်ပေ ၄၀၀၀ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ ယင်းလမ်းပေါ်တွင် Box Crlvert ရှစ်စင်း ဆောင်ရွက်ခြင်းလုပ်ငန်း၊ ရန်အောင်မြင်လမ်း အရှည်ပေ ၄၀၀၀ ကျောက်ချောလမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် လမ်းဘေးဝဲယာရေမြောင်းတူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးစစ်ဆေးရေးအဖွဲ့က လုပ်ငန်းအလွှာအလိုက် အရည်အသွေးစစ်ဆေးခြင်းများကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ရှမ်းစုရပ်ကွက်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ရှမ်းပိုင်းတံတားနှင့် ဒေါနိုးကူးတံတားအကြား ဘီလူးချောင်းကမ်းနားလမ်းတစ်လျှောက် အရှည်ပေ ၈၅၀ မြေထိန်းနံရံဆောင်ရွက်ပြီးစီးမှုနှင့် ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားများအား မျိုးချစ်စိတ်ရှင်သန် ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်း အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိ မြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)(သာစည်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ကျင်းပ

**ထားဝယ် ဩဂုတ် ၂၄**





တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦး ရှိသည့်အနက် ၂၇ ဦး တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို မေးမြန်းရာ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတရားဝင်ခရီးစဉ်အား ဂုဏ်ယူဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုပါကြောင်း အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံဆွေးနွေး၍ အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်က ကြေညာသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သော မူဝါဒ၊ နည်းဗျူဟာများနှင့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဦးစားပေးဆောင်ရွက်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ဆွေးနွေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးကာ အဆိုကို အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြကာ တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် ပဉ္စမနေ့ကို ဩဂုတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

## သဘာဝအလှအပနှင့် အပန်းဖြေခရီးစဉ်အဖြစ် ဘားအံမြို့ အလဝံအင်းဖောင်စီးခရီးစဉ် လူမှုကွန်ရက်ပေါ်တွင်ရေပန်းစားလာ

**ရန်ကုန် ဩဂုတ် ၂၄**

လတ်တလော Social Media ပေါ်တွင် ရေပန်းစားလာသည့် အလဝံအင်းဖောင်စီးခရီးစဉ်သည် သဘာဝအလှအပများကို ခံစားရင်းစိတ်လက်အပန်းဖြေအနားယူနိုင်သည့် ခရီးစဉ်တစ်ခုအဖြစ် ခရီးသွားဝါသနာရှင်များအကြား စိတ်ဝင်စားမှုမြင့်တက်လာနေကြောင်း Tourism Hpa-An မှ သိရသည်။ အလဝံအင်း ဖောင်စီးခရီးစဉ်သည် Social Media များတွင် ဓာတ်ပုံနှင့်ဗီဒီယိုများ မျှဝေဖော်ပြမှုများပြားလာခြင်းကြောင့် လာရောက်လည်ပတ်လိုသူများ၏ စိတ်ဝင်စားမှု ပိုမိုရရှိလာခြင်းဖြစ်ကြောင်း သိရသည်။ ဖောင်တစ်စီးလျှင် လူခုနစ်ဦးအထိ စီးနင်းနိုင်ပြီး နေ့စဉ် နံနက် ၆ နာရီမှ စတင်ကာ ဖောင်စီးနိုင်ကြောင်းနှင့် ရိုးရိုးဖောင်တစ်စီးလျှင် ငွေကျပ် ၃၅၀၀၀၊ အမိုးပါဖောင်တစ်စီးလျှင် ငွေကျပ် ၄၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

အလဝံအင်းဖောင်စီးခရီးစဉ်အပြင် Social Media များတွင် ရသေ့ပျံဂူကိုလည်း သဘာဝအလှအပများကို ခံစားရင်းအပန်းဖြေအနားယူနိုင်သည့်နေရာများအဖြစ် ခရီးသွားများ စိတ်ဝင်စားမှုမြင့်တက်နေကြောင်း သိရသည်။

MT



## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ်

**နေပြည်တော် ဩဂုတ် ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ " **ပြည်သူ့ကြားက ပြည်သူ့စကား** " အစီအစဉ်မှ " **အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး** " ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် "**ဓမ္မနဲ့ အဓမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာ သတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG၊ PDF** " ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည် ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း မနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ပုလဲမွေးမြူထုတ်လုပ်ရေးနှင့် သစ်တောဂေဟစနစ်များ၏ အခန်းကဏ္ဍ

■ *သစ်တောမောင်* ■

*(ယမန်နေ့မှ အဆက်)*

**မြန်မာ့ပုလဲ မွေးမြူထုတ်လုပ်ရေးလုပ်ငန်း**

မြန်မာနိုင်ငံရှိ မြိတ်ကျွန်းစုတွင် ပုလဲမွေးမြူရေးစခန်းကို အစောပိုင်းက ဒိုမယ်ကျွန်းတွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၅၆ ခုနှစ်မှစတင်ကာ ပုလဲကျွန်းသို့ ပြောင်းရွှေ့ဆောင်ရွက်ခဲ့ရာ ယနေ့တိုင်ဖြစ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့ပုလဲနည်းဥပဒေများကို ၂၀၀၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့ကာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် မြန်မာ့ပုလဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပုလဲမွေးမြူရေးလုပ်ငန်း၏ အဓိကအချက်အချာဒေသမှာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ကျွန်းစု၏ သန့်ရှင်းကြည်လင်သော ပင်လယ်ရေပြင်များဖြစ်ပြီး တောင်ပင်လယ်ပုလဲ (Pinctada maxima) (Gold-lip pearl oyster)ကို အဓိကအသုံးပြုမွေးမြူပါသည်။ ပုလဲမွေးမြူရေးစခန်းများကို ပုလဲကျွန်း (Malcolm)၊ မလိကျွန်း၊ ဒုံးပုလဲအော်ကျွန်း၊ ပြင်စဘုကျွန်း၊ ဒိုမယ်ကျွန်းနှင့် ရွှေကျွန်းအစရှိသည့် ကျွန်းပေါင်းများစွာတွင် ဖြန့်ကြက်လုပ်ကိုင်ကြပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအောက်ရှိ ရေလုပ်ငန်းစခန်းများနှင့် ပုဂ္ဂလိက/နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပုလဲမွေးမြူရေးလုပ်ငန်းသည် ကမ္ဘာတွင် ဈေးကွက်လိုအပ်ချက်အများဆုံးနှင့် အတောက်ပဆုံး ရတနာတစ်ခုဖြစ်သည့် အရည်အသွေးမြင့် တောင်ပင်လယ်ပုလဲ (South Sea Pearls)များကို ထုတ်လုပ်ပေးလျက်ရှိပြီး ပုလဲသား(Nacre) ထူထဲခြင်း၊ အရောင်အသွေး ပြောင်လက်တောက်ပခြင်းနှင့် ထူးခြားသည့် ရွှေဝါရောင်မှ ငွေအဖြူရောင်အထိ ရရှိနိုင်ခြင်းတို့ကြောင့် ကမ္ဘာ့ပုလဲဈေးကွက်တွင် ထင်ရှားကျော်ကြားပြီး အောင်မြင်လျက်ရှိသည်။

ကမ္ဘာတွင် ဩစတြေးလျနှင့် အင်ဒိုနီးရှားတို့သည် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုနှင့် ပတ်သက်၍ ထင်ရှားသော နိုင်ငံများဖြစ်သည်။ အထူးသဖြင့် ဩစတြေးလျနိုင်ငံမြောက်ပိုင်းရှိ ကင်ဘာလေ (Kimberley) ဒေသသည် Pinctada maxima ပုလဲကမာများ၊ မုတ်ကောင်များနှင့် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုအတွက် ကျော်ကြားပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်း အရှေ့ပိုင်းကျွန်းစုများအပါအဝင် သင့်လျော်သော အပူပိုင်းပင်လယ်ဒေသများတွင် Pinctada maxima ကို အသုံးပြု၍ တောင်ပင်လယ်ပုလဲများ မွေးမြူထုတ်လုပ်ကြသည်။ ဤဒေသများ၏ အတွေ့အကြုံများမှ အရေးကြီးသော သင်ခန်းစာတစ်ခုမှာ **"အရည်အသွေးမြင့်ပုလဲရရှိရန် မုတ်ကောင်များ ကောင်းစွာမွေးမြူခြင်းသာမက သစ်တောများ၊ ဒီရေတောများ၊ မြစ်ချောင်းများ၊ ကမ်းရိုးတန်းနှင့် ပင်လယ်ဂေဟစနစ် တစ်ခုလုံးကို ကောင်းမွန်စွာ ထိန်းသိမ်းရန် လိုအပ်ခြင်း"** ဖြစ်သည်။

**အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ**

တနင်္သာရီတိုင်းဒေသကြီးတွင် တောင်ပင်လယ်ပုလဲ (Pinctada maxima) ပုလဲမုတ်ကောင်များ အောင်မြင်စွာဖြစ်ထွန်းရန်အတွက် ပထဝီဝင်၊ သဘာဝပတ်ဝန်းကျင်နှင့် နည်းပညာဆိုင်ရာ ထူးခြားသည့် အောက်ဖော်ပြပါ အခြေအနေကောင်းများ၊ အခွင့်အလမ်းများ ပြည့်စုံလျက်ရှိပါသည် –



- ❖ အထူးသဖြင့် အောက်ဆီဂျင်ကြွယ်ဝသည့် ရေကို စဉ်ဆက်မပြတ်ပို့ဆောင်ပေးကာ ဇီဝစွန့်ပစ်ပစ္စည်းများကိုလည်း မျှောထုတ်ပေးသော သင့်တော်သည့် ပင်လယ်ရေစီးကြောင်းနှင့် ရေထုအပူချိန် (၂၅ ဒီဂရီစင်တီဂရိတ်မှ ၂၉ ဒီဂရီ စင်တီဂရိတ်အတွင်း) အခြေအနေကောင်းများရှိခြင်း၊
- ❖ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော် ပါဝင်သောကြောင့် မုန်တိုင်းဒဏ်နှင့် ပင်လယ်လှိုင်းကြီးများမှ ကာကွယ်ပေးသည့် နက်ရှိုင်းပြီး ငြိမ်သက်သော ပင်လယ်ကွေ့များကို ရရှိစေသည်။
- ❖ သန့်ရှင်းသော ဂေဟစနစ်နှင့် ရေထုအရည်အသွေးရှိခြင်း၊ ကုန်းမြင့်သစ်တောများမှ စီးဝင်လာသော အာဟာရဓာတ်များနှင့် ပင်လယ်နက်ပိုင်းမှ တက်လာသော အာဟာရများ ပေါင်းစပ်သွားခြင်းကြောင့် ပုလဲမုတ်ကောင်များ၏ အဓိက အစာဖြစ်သည့် အဏုဇီဝရေညှိ၊ အပင်မျှောလေး (Phytoplankton)များ ပေါများစွာ ဖြစ်ထွန်းခြင်း၊
- ❖ မြိတ်ကျွန်းစုသည် စက်မှုဇုန်များနှင့် ဝေးကွာသဖြင့် ပင်လယ်ရေထု သန့်ရှင်းကြည်လင်ခြင်း၊ ရေထုအတွင်း နုန်းနှစ်နည်းပါးခြင်း၊
- ❖ ယခင်က သဘာဝမုတ်ကောင်များကိုသာ ရှာဖွေဖမ်းဆီး မွေးမြူခဲ့ကြသော်လည်း ယခုအခါ ခေတ်မီပုလဲသားဖောက်စခန်းများတွင် အပူချိန်နှင့် အစာပလန်တန်များကို ထိန်းချုပ်ကာ ပုလဲသားလောင်းများကို စနစ်တကျ သားဖောက်ထုတ်လုပ်နိုင်ခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်း၊
- ❖ အရည်အသွေးမြင့်ပုလဲများ ရရှိရန်အတွက် ကျွမ်းကျင်သော ပညာရှင်များက ပုလဲမုတ်ကောင်၏ ခန္ဓာကိုယ်အတွင်းသို့ ဝတ်ဆံလုံး (Nucleus) နှင့် တစ်သျှူးဆက်သားစ (Saibo) တို့ကို အတူပေါင်းစပ်ပြီး တိကျစွာ ထည့်သွင်းပေးသည့် နည်းပညာကို အသုံးပြုနိုင်ခြင်း။

သို့သော်လည်း မြန်မာ့ပုလဲထုတ်လုပ်ရေးလုပ်ငန်း ရေရှည်တည်တံ့အောင်မြင်ရန်အတွက် သဘာဝပတ်ဝန်းကျင်၊ နည်းပညာ၊ စီးပွားရေး၊ လူ့စွမ်းအားနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများလည်း ရှိနေပါသည်။ ရေရှည်အတွက် အောက်ဖော်ပြပါ စိန်ခေါ်မှုများကို အလေးထားဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါသည်–

- ❖ ရာသီဥတုပြောင်းလဲမှုနှင့် ပင်လယ်ရေအပူချိန် မြင့်တက်မှုကြောင့် တောင်ပင်လယ်ပုလဲ P. maxima မွေးမြူခြင်းအတွင်း အစာစားနှုန်းနှင့် ကြီးထွားမှုကျဆင်းခြင်း၊ ဇီဝကမ္မဖိအား (physiological stress) မြင့်တက်ခြင်း၊ ကိုယ်ခံအားကျဆင်းခြင်း၊ ရောဂါဖြစ်နိုင်ခြေတိုးလာခြင်း၊ ပုလဲသား(nacre) ဖွဲ့စည်းမှုနှင့် ပုလဲအရည်အသွေး ထိခိုက်ခြင်း၊
- ❖ ရေထုညစ်ညမ်းခြင်း၊ အနည်အနှစ် (sedimentation) များပြားခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ အာဟာရဓာတ်ကြွင်းများ ပို့ချခြင်း၊ ပလတ်စတစ်နှင့် အခြားအမှိုက်များ၊ လောင်စာဆီနှင့် ဓာတုပစ္စည်းများ၊ ကမ်းရိုးတန်းဖွံ့ဖြိုးရေး လုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကြောင့် ပင်လယ်ရေအရည်အသွေး ကျဆင်းခြင်း၊
- ❖ သစ်တောများပြုန်းတီးခြင်း၊ ကမ်းရိုးတန်းဂေဟစနစ်များ ပျက်စီးခြင်း၊ ပင်လယ်မြက်များ၊ သန္တာကျောက်တန်းများနှင့် ဒီရေတောများပျက်စီးခြင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် မြေအသုံးချမှုများ ပြောင်းလဲခြင်း၊
- ❖ ကြီးထွားနှုန်းကောင်းသော၊ ကျန်းမာသန်စွမ်းသော၊ ပုလဲသား (nacre deposition) ကောင်းသော၊ အရောင် (lustre)နှင့် ပုံသဏ္ဌာန် (pearl shape) ကောင်းသော၊ ရောဂါခံနိုင်ရည်ရှိသော မျိုးရိုးဗီဇနှင့် အရည်အသွေးမြင့် မုတ်ကောင်များ ရွေးချယ်မွေးမြူရန် လိုအပ်ခြင်း၊
- ❖ သားဖောက်ခြင်း (Hatchery) နည်းပညာကို ပေါင်းစပ်မြှင့်တင်ရန် လိုအပ်ခြင်း၊
- ❖ လုပ်ငန်းအဆင့်တိုင်းအတွက် ကျွမ်းကျင်လုပ်သားနှင့် နည်းပညာကျွမ်းကျင်မှု လိုအပ်ခြင်း၊
- ❖ ပုလဲမွေးမြူရေးနယ်မြေများ ကျယ်ပြန့်လာခြင်းကြောင့် ဒေသခံရေလုပ်ငန်း လုပ်ကိုင်သူများနှင့် ဒေသခံများ၏ ရိုးရာငါးဖမ်းကွက်များ ကျဉ်းမြောင်းသွားနိုင်သဖြင့် ပင်လယ်ရေပြင် အသုံးပြုခွင့်နှင့် ပတ်သက်၍ အငြင်းပွားမှုများ ရှိလာနိုင်ခြင်း၊
- ❖ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်ခြင်း၊ ဈေးကွက်နှင့် နိုင်ငံတကာယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာနိုင်ခြင်း၊
- ❖ မုတ်ကောင် သားဖောက်သည့်အဆင့်မှ ဈေးကွက်တင်ပို့ရောင်းချသည့်အဆင့်အသီးသီးအတွက် သုတေသနနှင့် အချက်အလက်စနစ် အားနည်းခြင်း၊

**ပုလဲရတနာတိုးမြှင့်ထုတ်လုပ်ဖို့ သစ်တောဂေဟစနစ်ထိန်းသိမ်းစို့**

မြန်မာနိုင်ငံ၏ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေးမြင့် တောင်ပင်လယ်ပုလဲများ ထုတ်လုပ်နိုင်ရန် မုတ်ကောင်များ (ဥပမာ Pinctada maxima) မျိုးရိုးဗီဇအရည်အသွေး မြှင့်တင်ခြင်း၊ သားဖောက်ခြင်းနှင့် မျိုးပွားခြင်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ပုလဲကမာများ၊ မုတ်ကောင်များ၏ ကျန်းမာရေးနှင့် ပုလဲအရည်အသွေးသည်

**မြန်မာနိုင်ငံ၏ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေးမြင့် တောင်ပင်လယ်ပုလဲများ ထုတ်လုပ်နိုင်ရန် မုတ်ကောင်များ(ဥပမာPinctada maxima) မျိုးရိုးဗီဇအရည်အသွေးမြှင့်တင်ခြင်း၊ သားဖောက်ခြင်းနှင့် မျိုးပွားခြင်းနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ပုလဲကမာများ၊ မုတ်ကောင်များ၏ ကျန်းမာရေးနှင့် ပုလဲအရည်အသွေးသည် ကောင်းမွန်သည့်ပတ်ဝန်းကျင်၊ ပင်လယ်ရေအရည်အသွေးနှင့် တိုက်ရိုက်ဆက်နွယ်နေသောကြောင့် ကုန်းမြေသစ်တောများ၊ ကမ်းရိုးတန်း ဒီရေတောများ၊ ပင်လယ်မြက်ခင်းပြင်များ (seagrass)နှင့် သန္တာကျောက်တန်းများ(coral reefs) ကို ထိန်းသိမ်းရန်နှင့် အစာကွင်းဆက်အတွက် အရေးပါသောငါးများ အလွန်အကျွံဖမ်းယူခြင်းကို တားဆီးကာကွယ်ကြရမည်**



*စာမျက်နှာ ၁၁ သို့*

# အေအိုင်နှင့် ကျွန်တော် (၁၆)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ(AI)က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အေအိုင်ကို မိန့်ခွန်းမူကြမ်းပြုစုခိုင်းခြင်း၊ ဒီဇိုင်းရေးဆွဲခိုင်းခြင်း၊ ပန်းချီရေးဆွဲခိုင်းခြင်း၊ စာတမ်းပြုစုခိုင်းခြင်း၊ သိလိုသည်များ မေးမြန်းခြင်း စသည်ဖြင့် ကျွန်တော်ကိုယ်တိုင် နေ့စဉ်အကျွမ်းတဝင်အသုံးပြုဖြစ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့် မေးခွန်းနှင့်ပတ်သက်၍ ဤသို့မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း။** ခိုး၊ ဆိုး၊ လု၊ နှိုက်တွေ များလာတယ်။ မြို့ပြမှာတောင် ပြန်ပေးဆွဲမှု၊ ဓားပြတိုက်မှုတွေ ဖြစ်လာတယ်။ ဘယ်လိုအစီအစဉ်တွေနဲ့ ပပျောက်အောင် လုပ်နိုင်မလဲ။ နိုင်ငံတကာမှာကော ဘယ်လိုလဲ။

**အဖြေ။** မြို့ပြ လုံခြုံရေး၊ ခိုး၊ ဆိုး၊ လု၊ နှိုက်၊ ပြန်ပေးဆွဲမှုနဲ့ ဓားပြတိုက်မှု အစရှိတဲ့ ရာဇဝတ်မှုတွေကို လျှော့ချနိုင်ဖို့အတွက် နိုင်ငံတကာမှာ ခေတ်မီနည်းပညာတွေနဲ့ အသိုင်းအဝိုင်းအခြေပြု မူဝါဒတွေကို ပေါင်းစပ်အသုံးပြုကြပါတယ်။

ဒီလို ရာဇဝတ်မှုတွေကို ထိရောက်စွာ ပပျောက်အောင်/လျော့နည်းသွားအောင် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေနဲ့ နိုင်ငံတကာအတွေ့အကြုံတွေကို အောက်ပါအတိုင်း လေ့လာနိုင်ပါတယ် -

**၁။ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲခြင်း**

- **အသိုင်းအဝိုင်းအခြေပြု ရဲလုပ်ငန်း (Community Policing)။** ပြည်သူလူထုနှင့် ရဲတပ်ဖွဲ့အကြား ယုံကြည်မှုတည်ဆောက်ပြီး ဒေသခံများ၊ လှည့်ကင်းများ ပူးပေါင်း၍ လုံခြုံရေးစောင့်ကြည့်ခြင်း။
- **အချက်အလက်အခြေပြု လှည့်ကင်းများ (Data-driven Patrols)။** ရာဇဝတ်မှု အဖြစ်များသည့် "Hotspots" များကို GIS/CCTV အချက်အလက်များသုံး၍ ခွဲခြားပြီး အဆိုပါနေရာများတွင် လှည့်ကင်းနှင့် လုံခြုံရေးအင်အားတိုးမြှင့်ခြင်း။
- **တိုင်ကြားမှုစနစ် မြန်ဆန်ထိရောက်ရေး။** အရေးပေါ် ဖုန်းနံပါတ်များ (ဥပမာ - 911/999) နှင့် SOS App များကို ပြည်သူများ လွယ်လင့်တကူ သုံးနိုင်အောင် ဖန်တီးပေးခြင်း။

**၂။ ခေတ်မီနည်းပညာနှင့် မြို့ပြဒီဇိုင်း (CPTED Framework)**

- **CCTV နှင့် AI စောင့်ကြည့်စနစ်။** မြို့ပြနေရာအနှံ့ CCTV များ တပ်ဆင်ခြင်း၊ မျက်နှာနှင့် ယာဉ်နံပါတ်ပြားမှတ်မိသည့် AI စနစ်များ (Facial Recognition / ANPR) တပ်ဆင်ခြင်း။
- **မြို့ပြဒီဇိုင်း ပြုပြင်ခြင်း (Crime Prevention Through Environmental Design):**
  - လမ်းမများ၊ လမ်းကြားများနှင့် အများပြည်သူဆိုင်ရာ နေရာများတွင် **မီးလင်းရေး စနစ်တကျပြုလုပ်ခြင်း။**
  - ပြန်ပေးဆွဲမှု သို့မဟုတ် လုယက်မှု ဖြစ်နိုင်သည့် အမှောင်ထုများ/ လူကွယ်ခေါင်စုတ်နေရာများကို လျှော့ချခြင်း။
  - စောင့်ကြည့်ကင်မရာများ၊ တိုက်ရိုက်ဆက်သွယ်ရေး ခလုတ်များပါသည့် "SOS Towers" များကို လမ်းမများပေါ်တွင် တပ်ဆင်ခြင်း။

**၃။ တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေး/လူမှုရေးဆိုင်ရာ ဖြေရှင်းချက်များ**

- **ပြင်းထန်သည့် ပြစ်ဒဏ်များနှင့် တရားစီရင်ရေးကောင်းမွန်ခြင်း။** ပြန်ပေးဆွဲမှု၊ ဓားပြတိုက်မှုများအတွက် ပြစ်ဒဏ်ကြီးလေးစွာသတ်မှတ်ပြီး တရားစီရင်မှုကြန့်ကြာမနေဘဲ မြန်မြန်ဆန်ဆန် အရေးယူခြင်း။
- **လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်း။** ရာဇဝတ်မှုအများစုသည် ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင်မရှိမှုနှင့် မူးယစ်ဆေးဝါးပြဿနာများမှ စတင်လေ့ရှိသဖြင့် အလုပ်အကိုင်ဖန်တီးပေးခြင်းနှင့် မူးယစ်ဆေးတိုက်ဖျက်ရေးကို ပိုင်နိုင်စွာလုပ်ဆောင်ရန် လိုအပ်ခြင်း။

**၄။ နိုင်ငံတကာ၏ အတွေ့အကြုံများနှင့် အကောင်အထည်ဖော်မှုများ**

| နိုင်ငံ | ကျင့်သုံးသည့် အစီအစဉ်/စနစ် | ရရှိသည့်ရလဒ် |
|---|---|---|
| **စင်ကာပူ (Singapore)** | **PolCam & Smart Nation:** တစ်နိုင်ငံလုံး အဆင့်မြင့် CCTV ကွန်ရက်နှင့် AI သုံး စောင့်ကြည့်ခြင်း၊ ပြင်းထန်သော တရားဥပဒေ။ | ကမ္ဘာပေါ်တွင် ခိုး၊ ဆိုး၊ လု၊ နှိုက် အနည်းဆုံးနှင့် လုံခြုံမှုအရှိဆုံးမြို့အဖြစ် ရပ်တည်။ |
| **ဗြိတိန် (UK – London)** | **CCTV Network & Community Policing:** ကင်မရာ ကွန်ရက် အမြောက်အမြားနှင့် ဒေသခံရဲတပ်ဖွဲ့များ ပြည်သူနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်း။ | မြို့ပြလုယက်မှုများနှင့် ဒဏ်ရာရရှိစေသည့် ရာဇဝတ်မှုများကို လျှော့ချနိုင်ခဲ့။ |
| **ဂျပန် (Japan)** | **Koban (ကိုဘန်း – ရဲကင်းစနစ်):** ရပ်ကွက်တိုင်းတွင် ရဲကင်းငယ်များထားရှိပြီး ပြည်သူများနှင့်အစဉ်မပြတ် ထိတွေ့ခြင်း။ | ပြန်ပေးဆွဲမှု၊ ဓားပြတိုက်မှု အလွန်နည်းပါးပြီး ရပ်ကွက်အလိုက် လုံခြုံရေးမြင့်မား။ |
| **လက်တင်အမေရိက (ဥပမာ– ကိုလံဘီယာ)** | **Smart City & Social Urbanism:** ဒုစရိုက်မြို့များမှ မြို့ပြအဆင့်မြှင့်တင်ခြင်း၊ အများပြည်သူ ပို့ဆောင်ရေးနှင့် မီးလင်းရေးများ ပြုလုပ်ခြင်း။ | မြို့ပြရာဇဝတ်မှုနှုန်းကို သိသိသာသာ လျှော့ချနိုင်ခဲ့။ |

**အနှစ်ချုပ်**

ခိုး၊ ဆိုး၊ လု၊ နှိုက်နှင့် ပြန်ပေးဆွဲမှုများကို ပပျောက်အောင် ဆောင်ရွက်ရာတွင် "ရဲတပ်ဖွဲ့၏ ထိရောက်သော အရေးယူမှု + ခေတ်မီ နည်းပညာနှင့် မြို့ပြအခြေခံအဆောက်အအုံပြုပြင်မှု + ပြည်သူလူထု ပူးပေါင်းပါဝင်မှု" စသည့် အစိတ်အပိုင်း ၃ ခုလုံး ပူးပေါင်း ဆောင်ရွက်မှသာလျှင် ရေရှည်တည်တံ့သည့် လုံခြုံရေးကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

## စစ်တောင်း၊ သောင်ရင်းနှင့်ရွှေကျင်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၁၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်နှင့် မဒေါက်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ လက်မခန့်အလိုတွင် ရောက်ရှိနေ ပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ မြဝတီမြို့နယ်နှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်း၊ ဂျက်ခမ်းပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ်မြောက်ပိုင်းတို့ကို စတင်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီ အတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ်မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

*စာမျက်နှာ ၁၀ မှ*

ကောင်းမွန်သည့် ပတ်ဝန်းကျင်၊ ပင်လယ်ရေအရည်အသွေးနှင့် တိုက်ရိုက်ဆက်နွယ်နေသောကြောင့် **ကုန်းမြေသစ်တောများ၊ ကမ်းရိုးတန်း ဒီရေတောများ၊ ပင်လယ်မြက်ခင်းပြင်များ (seagrass)နှင့် သန္တာကျောက်တန်းများ (coral reefs)** ကို **ထိန်းသိမ်းရန်နှင့် အစာကွင်းဆက်အတွက် အရေးပါသောငါးများ အလွန်အကျွံဖမ်းယူခြင်းကို တားဆီးကာကွယ်ကြရမည်ဖြစ်ပါသည်။**

ထို့ပြင် ပင်လယ်ရေအပူချိန်မြင့်တက်မှု၊ ပင်လယ်ရေဓာတုဂုဏ်သတ္တိများ ပြောင်းလဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများကို ခံနိုင်ရည်ရှိစေရန် ရေရှည်စောင့်ကြည့်လေ့လာမှုနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် မွေးမြူရေး (climate-smart aquaculture) နည်းပညာများကို ဖော်ထုတ်အသုံးချရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ပုလဲမွေးမြူရေးလုပ်ငန်းမှရရှိသည့် အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများကို ဒေသခံပြည်သူများထံ ပိုမိုရောက်ရှိစေရန် ဒေသခံလူထုပူးပေါင်းပါဝင်သည့် စီမံခန့်ခွဲမှု၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ တန်ဖိုးမြှင့်ပုလဲနှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ရေးနှင့် ဈေးကွက်ချိတ်ဆက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထိုသို့ **"အရည်အသွေးမြင့် ပုလဲထုတ်လုပ်ရေး၊ ကျန်းမာကောင်းမွန်သော ပင်လယ်ဂေဟစနစ်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်သော ပုလဲမွေးမြူရေးနည်းပညာ ဖွံ့ဖြိုးရေးနှင့် ဒေသခံလူထု၏ လူမှုစီးပွားအကျိုးကျေးဇူးများ တိုးမြှင့်ပေးရေး"** ဟူသည့် အဓိကမဏ္ဍိုင်လေးခုကို စနစ်တကျ အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေပြီး စီးပွားရေးအရ အကျိုးရှိကာ ရေရှည်တည်တံ့သော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော တောင်ပင်လယ်ပုလဲထုတ်လုပ်မှု လုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ပါသည်။ ။

**ကိုးကား-**

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (၂၀၂၆)။ မြန်မာ့ပုလဲအကြောင်း သိကောင်းစရာများ။**

**Boon, P., Callow, M., & Grantham, H. (2016). Marine Spatial Planning for Myanmar: Strategic Advice for Securing a Sustainable Ocean Economy. Wildlife Conservation Society (WCS), Myanmar.**

**Holmes, K. E. and Tint Tun., et al. (2014). Marine Conservation in Myanmar: The Current Knowledge of Marine Systems and Recommendations for Research and Conservation. Yangon: Wildlife Conservation Society (WCS) Myanmar.**

# ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၂၃ ရက်အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဝဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ



အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ကလေး-ဖလမ်း-ဟားခါးလမ်း ဖလမ်းခရိုင်အတွင်းရှိ လမ်းပိုင်းများပြုပြင်ပြီးစီးမှုနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဖလမ်းခရိုင် လမ်းဦးစီးဌာနက ကလေး-ဖလမ်း-ဟားခါးလမ်း ကီလိုမီတာ (၁၂၇-၁၂၈) အကြား တောင်ပြိုမြေစာများအား ယန္တရားကြီးများဖြင့် ဖယ်ရှားပြုပြင်လျက်ရှိပြီး ကလေး-ဖလမ်း-ဟားခါးလမ်း ဖလမ်းခရိုင်အတွင်းရှိ လမ်းပိုင်းများကို ပြုပြင်လျက်ရှိရာ ကလေး-ဖလမ်း-ဟားခါးလမ်း ကီလိုမီတာ (၁၈၂-၁၉၇)ကြား ပျက်စီးနေသည့်လမ်းပိုင်းများကို လမ်းဦးစီးဌာနနှင့် လမ်းအထူးအဖွဲ့ ၁၀ ကလည်းကောင်း၊ ကီလိုမီတာ (၁၄၇-၁၅၁)ကြား မြေစာပြိုကျနေမှုများကို ဖယ်ရှားခြင်းနှင့် လမ်းပြုပြင်ခြင်းများကို ဖလမ်းခရိုင် လမ်းဦးစီးဌာနကလည်းကောင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်းနှင့် ဖလမ်းခရိုင်အတွင်းရှိ လမ်းပိုင်းများပြုပြင်နေမှု၊ ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုအိတ်ချိန်း၊ မိုက်ခရိုဝေ့စခန်းရုံးနှင့် အိမ်ရာအဆောက်အအုံပြုပြင်နေမှုနှင့် တပ်မတော်မှ MEC TEL ဆက်သွယ်ရေးလိုင်းတပ်ဆင်ကာ ဒေသခံများကို ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ စက်ရုံနှင့် ဂိုဒေါင်



ပြုပြင်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ခရိုင်လမ်းဦးစီးရုံး အဆောက်အအုံပြုပြင်နေမှုနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းသားအိပ်ဆောင်များ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့တွင် တီးတိန်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ပစ္စည်းဂိုဒေါင်ပြုပြင်ပြီးစီးမှု၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းဆောင်၊ စားရိပ်သာပြုပြင်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ မီးသတ်ရေကန်နှင့် လူငယ်သင်တန်းကျောင်းနည်းပြ အိပ်ဆောင်ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာအီလက်ထရောနစ်မဲပေးစက် ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာအီလက်ထရောနစ် မဲပေးစက် ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်မင်းဦးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က အမှာစကားပြောကြားရာ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မြန်မာအီလက်ထရောနစ် မဲပေးစက်များဖြင့် အောင်မြင်စွာ ကျင်းပ ဆောင်ရွက်နိုင်ကြောင်း၊ မဲဆန္ဒရှင်များ အနေဖြင့်လည်း လွယ်ကူရိုးရှင်းပြီး ယုံကြည်မှုရှိစွာဖြင့် မဲပေးနိုင်ခဲ့ကြပြီး မဲရလဒ်များကိုလည်း မှန်မှန်ကန်ကန်နှင့် တိကျလျင်မြန်စွာ ထုတ်ပြန်ပေးနိုင်ခဲ့ကာလွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲအဖြစ် အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မဲပေးစက်များသည် အရေးကြီးသည့် ကြီးကြပ် ကန့်သတ်ပစ္စည်းများဖြစ်ပြီး ကြားဖြတ်ရွေးကောက်ပွဲများနှင့် လာမည့်အထွေထွေ ရွေးကောက်ပွဲများတွင် ဆက်လက်အသုံးပြုကြရမည် ဖြစ်ကြောင်း၊ မဲပေးစက်များ စစ်ဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဝန်ထမ်းများကိုယ်တိုင်ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် မဲပေးစက်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များဖြင့် စနစ်တကျသင်တန်းဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စု နယ်မြေရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်ခန်းစာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနယ်မြေအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အရာထမ်း အမှုထမ်းခုနစ်ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ Online စနစ်ဖြင့် တက်ရောက်ကြသော အရာထမ်း အမှုထမ်း ၄၈ ဦးအား ဩဂုတ် ၂၄ ရက်မှ ၂၈ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**အောင်မျိုးဝင်း(ဥတ္တရ)**

# လှိုင်ကော်မြို့၌ ဝန်ထမ်းများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေးဟောပြော

**လှိုင်ကော်မြို့ ဩဂုတ် ၂၄**

ကယားပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့မှ ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်က ကယားပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစောကျော်ကျော်ထူးက အမှာစကားပြောကြားပြီး ပြည်နယ်ဥပဒေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းနိုင်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောကာ တက်ရောက်လာသည့် အခွန်ဝန်ထမ်းများ၏ သိရှိလိုသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုထိရောက်လာစေဖို့၊ အချိန်နဲ့တစ်ပြေးညီ Data အသုံးချနိုင်ဖို့နဲ့ Digital Business Solutions တွေ ဖန်တီးနိုင်ဖို့ 5G က အထောက်အကူပြုနိုင်ပါတယ်

ဦးသန်းလှိုင်

နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးကို အထောက်အကူပြုနိုင်စေရန်နှင့် ပြည်သူများ အရည်အသွေးပြည့်မီသော အဆင့်မြင့်ဆက်သွယ်ရေးဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရန် ရည်ရွယ်ပြီး မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် စပ်လျဉ်း၍ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများကို တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် -



ဦးသန်းလှိုင်



ဒေါ်ခင်နုယဉ်ထွန်း



ဒေါ်ယဉ်သူသူအောင်



ဒေါ်ခင်သူဇာကျော်

**ဦးသန်းလှိုင်**
**အင်ဂျင်နီယာချုပ်၊**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**မေး။ ။MPT အနေနဲ့ 5G ကွန်ရက်နဲ့ ဝန်ဆောင်မှုတွေကို ဘယ်လိုဆက်လက်ဖော်ဆောင်သွားဖို့ စီစဉ်ထားပါသလဲ။ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ 5G အတွေ့အကြုံရရှိစေဖို့ ဘယ်လိုအချက်တွေကို အဓိကထား ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။MPT အနေနဲ့ သုံးစွဲသူတွေရဲ့ လိုအပ်ချက်၊ ကွန်ရက်/နည်းပညာ အဆင်သင့်ဖြစ်မှုနဲ့ ဒီဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးမှုတွေကို အခြေခံပြီး 5G နည်းပညာကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတစ်ဝန်းက သုံးစွဲသူတွေအတွက် ပိုမိုကောင်းမွန်တဲ့ ချိတ်ဆက်မှုနဲ့ ဒီဂျစ်တယ်အတွေ့အကြုံတွေ ရရှိစေဖို့အပြင် စီးပွားရေးလုပ်ငန်းတွေနဲ့ အဖွဲ့အစည်းတွေအတွက်လည်း 5G ရဲ့ အားသာချက်တွေကို အသုံးချနိုင်မယ့် အခွင့်အလမ်းတွေ ပေးအပ်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် MPT အနေနဲ့ 5G ကွန်ရက်ရရှိဖို့ လိုအပ်တဲ့ အဆင့်ဆင့်သော ဆောင်ရွက်မှုတွေကို ပြုလုပ်နေပါတယ်။

**မေး။ ။5G နည်းပညာက ပြည်သူတွေအတွက်သာမက စီးပွားရေးလုပ်ငန်းတွေအတွက်လည်း အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးနိုင်တယ်လို့ သိရပါတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ SME တွေနဲ့ အခြားလုပ်ငန်းကဏ္ဍတွေအတွက် 5G က ဘယ်လို အထောက်အကူပြုတယ်ဆိုတာလည်း ဖြေကြားပေးပါ။**

**ဖြေ။** ။5G ဟာ သုံးစွဲသူတစ်ဦးချင်းစီအတွက်သာမက Business Transformation အတွက်လည်း အရေးပါတဲ့ နည်းပညာတစ်ခု ဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် IoT၊ Smart Operations၊ Cloud Services၊ Remote Monitoring နဲ့ Real-time Data Applications တွေမှာ 5G ကို အသုံးချနိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုထိရောက်လာစေဖို့၊ အချိန်နဲ့တစ်ပြေးညီ Data အသုံးချနိုင်ဖို့နဲ့ Digital Business Solutions တွေ ဖန်တီးနိုင်ဖို့ 5G က အထောက်အကူပြုနိုင်ပါတယ်။

**ဒေါ်ခင်နုယဉ်ထွန်း**
**Senior Vice President, Head of Corporate Communications & Sponsorship**
**ATOM Myanmar Limited**

**မေး။ ။5G သုံးဖို့ဆိုရင် SIM Card အသစ်လဲဖို့ လိုအပ်ပါသလား၊ 5G Support ဖြစ်တဲ့ handset တွေမှာပဲ သုံးလို့ရမှာလားဆိုတာ သိပါရစေ။**

**ဖြေ။** ။5G ကွန်ရက် အသုံးပြုဖို့ဆိုရင် 5G Support ဖြစ်တဲ့ smartphone/device တွေ လိုအပ်ပါမယ်။ Sim Card အပိုင်းမှာတော့ သုံးစွဲသူတွေ အဆင်ပြေအောင် နဂို sim card နဲ့ပဲ ဆက်အသုံးပြုနိုင်ဖို့ အက်တမ်(ATOM)အနေနဲ့ နည်းပညာပိုင်းအရ စီစဉ်ထားပါတယ်။

**မေး။ ။အက်တမ် (ATOM) အနေနဲ့ 5G ကွန်ရက် မိတ်ဆက်ပြီးသွားတဲ့ အချိန်မှာ ဘယ်လိုမျိုး အခန်းကဏ္ဍ၊ နယ်ပယ်တွေမှာ ပံ့ပိုးကူညီမှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါသလဲ။**

**ဖြေ။** ။အက်တမ်(ATOM) အနေနဲ့ 5G ကွန်ရက်ကို ဆက်သွယ်ရေး ကွန်ရက်တစ်ခုဆိုတာထက် မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်အနာဂတ်ကို ပိုမိုတိုးတက်လာစေဖို့ အထောက်အကူပြုနိုင်တဲ့ အဓိကအခြေခံ အဆောက်အအုံတစ်ခုအဖြစ် ဖန်တီးတည်ဆောက်နေပါတယ်။ ATOM အနေနဲ့လည်း 5G နဲ့ပတ်သက်တဲ့ Awareness/ Knowledge Sharing Sessions/ 5G ရဲ့ အကျိုးကျေးဇူးတွေကို ပြည်သူတွေအတွက် အသိပညာပေးအစီအစဉ်တွေကတစ်ဆင့် ဆောင်ရွက်ပေးသွားဖို့လည်းရှိပါတယ်။ အဓိကအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ဒီဂျစ်တယ်ဝန်ဆောင်မှုများ အစရှိတဲ့ နယ်ပယ်တွေမှာ နည်းပညာအသုံးချနိုင်မှုတွေ ပိုမိုအားကောင်းလာစေဖို့ ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါ်ယဉ်သူသူအောင်**
**Corporate Communications Senior Manager၊ U9 Myanmar**

**မေး။ ။မြန်မာနိုင်ငံမှာ 5G က အမှန်တကယ်အသုံးဝင်လာဖို့ ဘာတွေလိုအပ်ပါသလဲ။**

**ဖြေ။** ။5G ကို အမှန်တကယ်အကျိုးရှိရှိ အသုံးချနိုင်ဖို့အတွက် 5G အသုံးပြုနိုင်တဲ့ ဖုန်းတွေ လုံလောက်စွာ ရရှိနိုင်ဖို့၊ သုံးစွဲသူတွေအတွက် သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝန်ဆောင်မှုတွေ ရရှိနိုင်ဖို့၊ 5G ရဲ့ စွမ်းဆောင်ရည်တွေကို အမှန်တကယ် အသုံးချနိုင်တဲ့ ဝန်ဆောင်မှုတွေနဲ့ Application တွေရှိလာဖို့ လိုအပ်ပါတယ်။ U9 အနေနဲ့ 5G ကို အင်တာနက်ပိုမြန်ရုံအတွက်သာ မဟုတ်ဘဲ သုံးစွဲသူတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ လူမှုအသိုင်းအဝိုင်းတွေအတွက် အတွေ့အကြုံအသစ်တွေနဲ့ အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးနိုင်မယ့် နည်းပညာတစ်ခုအနေနဲ့ မြင်ပါတယ်။ ဒါကြောင့် U9 ရဲ့ အနာဂတ် 5G Rollout မှာ Home Broadband နဲ့ Business Connectivity လို နယ်ပယ်တွေမှာ 5G က Value Added လုပ်ပေးနိုင်မယ့် အခွင့်အလမ်းတွေကိုလည်း ထည့်သွင်းစဉ်းစားနေပါတယ်။

**မေး။ ။5G Spectrum နဲ့ ပတ်သက်ပြီး U9 က ဝန်ကြီးဌာနနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်နေပါသလဲ။**

**ဖြေ။** ။U9 အနေနဲ့ Network ပိုမိုကောင်းမွန် တိုးတက်ရေးနဲ့ သက်ဆိုင်တဲ့ Spectrum အပါအဝင် တခြားကိစ္စရပ်တွေနဲ့ပတ်သက်ပြီး PTD အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဆက်လက်ဆွေးနွေး ပူးပေါင်းဆောင်ရွက်နေပါတယ်။ သက်ဆိုင်ရာလုပ်ငန်းစဉ်တွေ ပြီးစီးပြီး အသေးစိတ်အချက်အလက်တွေကို တရားဝင်ထုတ်ပြန်နိုင်တဲ့အချိန်မှာ U9 ရဲ့ 5G Plan နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဆက်လက်မျှဝေပေးသွားမှာ ဖြစ်ပါတယ်။

5G ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အထောက်အကူပြုဖို့ ဝန်ကြီးဌာနရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို U9 အနေနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ U9 ဟာ မြန်မာနိုင်ငံရဲ့ မိုဘိုင်းနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု ခရီးစဉ်မှာ အစကတည်းက ပါဝင်လာခဲ့ပြီး 5G ကလည်း U9 ရဲ့ နောက်ထပ်တစ်ဆင့် ဆက်လက်လျှောက်လှမ်းမယ့် ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။ လက်ရှိသုံးစွဲသူတွေအတွက် Network အတွေ့အကြုံကို ဆက်လက်ကောင်းမွန်အောင် လုပ်ဆောင်ရင်း 5G အတွက်လည်း ပြင်ဆင်နေတာဖြစ်ပါတယ်။

**ဒေါ်ခင်သူဇာကျော်**
**Head of Regulatory၊**
**Telecom International Myanmar Co.,Ltd (Mytel)**

**မေး။ ။မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ 5G ဝန်ဆောင်မှုတွေကို ဖြန့်ကြက်တပ်ဆင်ဖို့ Mytel ရဲ့ အစီအစဉ်တွေကို သိပါရစေ။**

**ဖြေ။** ။Mytel အနေနဲ့ သုံးစွဲသူပြည်သူတွေရဲ့ လိုအပ်ချက်၊ ကွန်ရက်အဆင်သင့်ဖြစ်မှု၊ လိုင်းနှုန်းစဉ်ရရှိနိုင်မှုနဲ့ အခြေခံအဆောက်အအုံ အခြေအနေတွေအပေါ် မူတည်ပြီး မြန်မာနိုင်ငံတစ်ဝန်း 5G ကွန်ရက်ကို အဆင့်ဆင့်တိုးချဲ့သွားဖို့ စီစဉ်ထားပါတယ်။ ဦးစွာပထမ တစ်နိုင်ငံလုံး ကွန်ရက် မချဲ့ထွင်မီ အဓိကမြို့ကြီးတွေဖြစ်တဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ သုံးစွဲမှုလိုအပ်ချက် မြင့်မားတဲ့ နေရာတွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာ ချဲ့ထွင်သွားမှာ ဖြစ်ပါတယ်။ Mytel ရဲ့ ရည်မှန်းချက်ကတော့ ရေရှည်တည်တံ့ပြီး ထိရောက်မှုရှိတဲ့ ကွန်ရက်ရင်းနှီးမြှုပ်နှံမှုသာမက အစိုးရဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ သုံးစွဲသူပြည်သူတွေထံ ယုံကြည်စိတ်ချရပြီး အရည်အသွေးမြင့်မားတဲ့ 5G အတွေ့အကြုံကို ပေးအပ်လိုပါတယ်။

**မေး။ ။လက်ရှိ 4G ဝန်ဆောင်မှုတွေနဲ့ နှိုင်းယှဉ်ရင် Mytel ရဲ့ 5G ဝန်ဆောင်မှုကနေ သုံးစွဲသူတွေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်တယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။5G ဟာ ဆိုရင် 4G ထက် သိသာမြန်ဆန်တဲ့ ဒေတာအမြန်နှုန်း၊ ပိုမိုလျင်မြန်တဲ့ တုံ့ပြန်မှု (lower latency) နဲ့ ပိုမိုကြီးမားတဲ့ ကွန်ရက်စွမ်းရည်တို့ကို ဆောင်ကြဉ်းပေးမှာ ဖြစ်ပါတယ်။ 5G ရဲ့ အားသာချက်တွေကတော့ ရုပ်ထွက် ပိုမိုကောင်းမွန် ကြည်လင်ပြတ်သားတဲ့ ဗီဒီယိုတွေကို ထစ်ငေါ့ခြင်းမရှိဘဲ ကြည့်ရှုနိုင်ခြင်း (HD video streaming)၊ အွန်လိုင်းဂိမ်းဆော့ရာမှာ ပိုမိုကောင်းမွန်မြန်ဆန်လာစေခြင်း၊ အွန်လိုင်းအစည်းအဝေးတွေ ရုပ်သံ ပိုမိုကြည်လင်ပြတ်သားခြင်း၊ cloud ဝန်ဆောင်မှုတွေနဲ့ တခြားသော ဒေတာအမြောက်အမြား အသုံးပြုရတဲ့ လုပ်ဆောင်ချက်တွေမှာ ပိုမိုချောမွေ့မြန်ဆန်တဲ့ အတွေ့အကြုံကို ရရှိစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပိုအရေးကြီးတဲ့ အချက်အနေနဲ့ 5G က ပိုမိုမြန်ဆန်ပြီး ချက်ချင်းတုံ့ပြန်မှုရှိတဲ့ ချိတ်ဆက်မှုလိုအပ်တဲ့ ဒီဂျစ်တယ်ဝန်ဆောင်မှုတွေ နဲ့ အက်ပလီကေးရှင်းအသစ်တွေအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ **ဂျေမီ**

## ညောင်တုန်းမြို့နယ်၌ ရေဘေးသင့်အိမ်ထောင်စုများနှင့် ဝန်ထမ်းများအတွက် စားရေရိက္ခာများပေးအပ်

**ညောင်တုန်း ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအုပ်စုနှင့် မဲဇလီဒလကျေးရွာအုပ်စုတို့တွင် ကမ်းပြိုမှုကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စုများနှင့် ဝန်ထမ်းများအတွက် စားရေရိက္ခာများ



ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ချောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်တို့က အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ဂန်ချောင်းကျေးရွာအုပ်စုနှင့် မဲဇလီဒလကျေးရွာအုပ်စုတို့တွင် ကမ်းပြိုမှုကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စု ၉၈ စုနှင့် ဝန်ထမ်း ၃၃ ဦးအတွက် ဆန် ၆ ပြည်အိတ် ၂၇ အိတ်၊ ဆီ ၁၃၁ ပိဿာ၊ ခေါက်ဆွဲခြောက်နှင့် မုန့်မျိုးစုံတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာတို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံ

**မော်စကို ဩဂုတ် ၂၄**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူဘရာမန်ယမ်ဂျိုင်ရှန်ကာကို ဩဂုတ် ၂၄ ရက်က ကရင်မလင်နန်းတော်၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားနှင့် အိန္ဒိယနိုင်ငံတို့သည် နယ်ပယ်ကဏ္ဍအများအပြားတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုနှစ်အတွင်း ရုရှားနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်ရေးကဏ္ဍတွင်တိုးတက်မှုများရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းနိုင်ရေးအတွက် အိန္ဒိယနိုင်ငံသို့ ဓာတ်မြေဩဇာတင်ပို့မှု တိုးမြှင့်သွားရန် ရုရှားနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်းနှင့် ၂၀၂၆ ခုနှစ်အတွင်း ရုရှားနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏမှာ ဆက်လက်တိုးတက်လျက်ရှိပြီး နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးမှာလည်း နယ်ပယ်ကဏ္ဍစုံနီးပါးတွင် ကျယ်ပြန့်လာလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မကြာမီကျင်းပတော့မည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ ထိပ်သီးအစည်းအဝေးပြင်ပတွင် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် တွေ့ဆုံရန် မျှော်လင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောသည်။

ဂျိုင်ရှန်ကာသည် ရုရှားနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်အဖြစ် ရောက်ရှိနေပြီး နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလာဗရော့ဗ်နှင့်လည်း တွေ့ဆုံသွားရန်စီစဉ်ထားသည်။

**စပွတ်နစ်ခ်**



# ဖိလစ်ပိုင်၌ သေနတ်ပစ်ခတ်မည့် ခြိမ်းခြောက်မှုကြောင့် ကျောင်းသား ကျောင်းသူများကို နေအိမ်သို့ပြန်လွှတ်

**မနီလာ ဩဂုတ် ၂၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ဘက် ဇမ်ဘာလက်စ်ပြည်နယ်အတွင်း မြို့တစ်မြို့ဖြစ်သည့် ဆန်အန်တိုနီယိုမြို့၌ သေနတ်ပစ်ခတ်မှု လုပ်ဆောင်မည်ဆိုသည့် သတိပေးချက်တစ်ခုရရှိပြီးနောက် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများကို နေအိမ်သို့ ပြန်လွှတ်ခဲ့ကြောင်း သိရသည်။

မြို့တော်ဝန် အာဇင်တန်တီပိုလိုက ကျောင်း ၂၀ ကျောင်းစလုံးရှိ အတန်းများကို ရပ်နားခဲ့ကာ ရဲတပ်ဖွဲ့ကို သတိပေးခဲ့ပြီး ကွပ်ကဲမှုစခန်းတစ်ခု ထူထောင်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ထုတ်ပြန်ထားသည်။



အာဏာပိုင်များက ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိပြီး သံသယရှိသူတစ်ဦးတစ်ယောက်ကိုမျှ ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်းနှင့် လုံခြုံရေးအစီအမံများကိုလည်း ဆက်လက်ချထားဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယဆေးရုံမီးလောင်မှုကြောင့် မွေးကင်းစကလေးငယ်သုံးဦးသေဆုံး

**နယူးဒေလီ ဩဂုတ် ၂၄**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရာပ်ရှ်ထရာပြည်နယ်ရှိ အစိုးရပိုင်ဆေးရုံတစ်ခု၏ မွေးကင်းစကလေး အထူးကြပ်မတ်ကုသရေးဌာနတွင် ဩဂုတ် ၂၄ ရက် နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ မွေးကင်းစကလေးငယ် အနည်းဆုံးသုံးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါမီးလောင်မှုသည် မဟာရာပ်ရှ်ထရာပြည်နယ်၏ မြို့တော် မွမ်ဘိုင်းမြို့မှ အရှေ့မြောက်ဘက် ကီလိုမီတာ ၆၅၀ ခန့်အကွာရှိ အမ်ရာဗတီခရိုင် အမျိုးသမီးဆေးရုံ၏ တတိယထပ်ရှိ မွေးကင်းစကလေး အထူးကြပ်မတ်ကုသရေးဌာနတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ NICU အတွင်းရှိ အသက်ရှူကူစက်တစ်ခုမှ မီးစတင်လောင်ခဲ့သည်ဟု ကနဦးသတင်းများတွင် ဖော်ပြထားသည်။

မီးခိုးနှင့် မီးလျှံများ ဌာနအတွင်းပျံ့နှံ့လာချိန်၌ တာဝန်ကျဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများက ထိခိုက်သည့်လူနာခန်းမှ မွေးကင်းစကလေးငယ်များကို အမြန်ဆုံးရွှေ့ပြောင်းကယ်ဆယ်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါဌာန၌ ကလေးငယ် ၃၉ ဦး ဆေးကုသမှုခံယူနေပြီး ၃၆ ဦးကို ကယ်တင်နိုင်ကာ အခြားဆေးရုံများသို့ ပြောင်းရွှေ့ပို့ဆောင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အင်အားအလွန်ပြင်းထန်သည့် တိုင်ဖွန်းမုန်တိုင်းတစ်ခု ဂျပန်နိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်မည်

**တိုကျို ဩဂုတ် ၂၄**

အင်အား အလွန်ပြင်းထန်သည့် တိုင်ဖွန်းမုန်တိုင်းတစ်ခုသည် ဂျပန်နိုင်ငံ တောင်ပိုင်းဒေသများဖြစ်သည့် အိုကီနာဝါနှင့် အာမမိဒေသများသို့ ဩဂုတ် ၂၅ ရက်မှစတင်၍ ချဉ်းကပ်လာနိုင်သောကြောင့် ပြည်သူများအား မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရန် မိုးလေဝသအာဏာပိုင်များက နှိုးဆော်သတိပေးထားသည်။

ဂျပန် မိုးလေဝသဌာနက ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီအထိ ဆော်ဒယ်တိုင်ဖွန်းမုန်တိုင်းသည် ဂျပန်နိုင်ငံတောင်ဘက် ပင်လယ်ပြင်တွင်ရှိနေပြီး တစ်နာရီလျှင် ၃၅ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနေကြောင်း ပြောကြားခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း၏ ဗဟိုလေဖိအားသည် ၉၄၀ ဟက်တိုပါစကယ်ရှိပြီး မုန်တိုင်းဗဟိုအနီးတွင် အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ၁၆၂ ကီလိုမီတာအထိရှိခဲ့ကာ လေပြင်းတိုက်ခတ်မှုမှာ တစ်နာရီလျှင် ၂၃၄ ကီလိုမီတာအထိ မြင့်တက်ခဲ့သည်။ ထို့အပြင် မုန်တိုင်းဗဟိုမှ ၁၆၅ ကီလိုမီတာ အချင်းဝက်အတွင်း တစ်နာရီလျှင် ၉၀ ကီလိုမီတာနှင့်အထက် လေပြင်းများ တိုက်ခတ်နေကြောင်း သိရသည်။

မိုးလေဝသ တာဝန်ရှိသူများက အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားသွားမည်ဖြစ်ပြီး ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိဂျပန်နိုင်ငံ အိုကီနာဝါစီရင်စုနှင့် ကာဂိုရှီးမားစီရင်စုရှိ အာမမိဒေသများသို့ ချဉ်းကပ်လာနိုင်ကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားငလျင်ကြောင့် သေဆုံးသူပေါင်း ၁၀၀ ကျော်အထိ တိုးမြင့်လာ

**ဂျကာတာ ဩဂုတ် ၂၄**

အင်ဒိုနီးရှားနိုင်ငံ ဖလောရက်စ်ဒေသ၌ ဩဂုတ် ၁၅ ရက်က ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၁၀၀ ကျော်အထိ တိုးမြင့်လာပြီး လူပေါင်း ၁၆၀၃ ဦး ဒဏ်ရာရရှိကာ ၁၈၀၀၀၀ ကျော်မှာ ဘေးလွတ်ရာတိမ်းရှောင်နေကြရဆဲဖြစ်ကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီ (BNPB) က ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

ထပ်မံသေဆုံးသူများမှာ ကနဦးပြင်းထန်ဒဏ်ရာရရှိသူများဖြစ်ကြပြီး ဆေးကုသမှုခံယူနေစဉ်နောက်ပိုင်းတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းနှင့် အနည်းဆုံး ပြင်းအား ၅ ဒသမ ၀ အဆင့်ရှိ ငလျင် ၃၃ ကြိမ်လှုပ်ခတ်ခဲ့ခြင်းအပါအဝင် နောက်ဆက်တွဲငလျင် ၆၄၀၉ ကြိမ် လှုပ်ခတ်ခဲ့ပြီး အင်အားအပြင်းဆုံးမှာ ၆ ဒသမ ၂ အဆင့်ရှိကြောင်း BNPB အကြီးအကဲ ဆူဟာယန်တိုက ပြောကြားသည်။

ပင်မငလျင်လှုပ်ခတ်ပြီးနောက် သီတင်းပတ်သုံးပတ်မှ လေးပတ်အထိ နောက်ဆက်တွဲငလျင်များ ဆက်လက်လှုပ်ခတ်နိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

**ဆင်ဟွာ**

# ထိုင်း၌ ၂၀၀၄ ခုနှစ်နောက်ပိုင်း ပဋိပက္ခများကြောင့် လူပေါင်း ၇၀၀၀ ကျော်သေဆုံး

**ဗန်ကောက် ဩဂုတ် ၂၄**

ပြီးခဲ့သည့် သီတင်းပတ်ကုန်အတွင်း ထိုင်းနိုင်ငံတောင်ပိုင်းတွင် အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်တိုက် ဖြစ်ပွားခဲ့ပြီးနောက် အာဏာပိုင်များက လုံခြုံရေး တင်းကျပ်မှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

နာရာသီဝပ်၊ ပတ္တာနီနှင့် ယာလာပြည်နယ်တို့တွင် ဩဂုတ် ၂၂ ရက် ညပိုင်းက ကြိုတင်ညှိနှိုင်းပြီး လုပ်ဆောင်ခဲ့သည့် တိုက်ခိုက်မှုပေါင်း ၅၀ ကျော်ရှိကြောင်း လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။ ကုန်စုံဆိုင်များနှင့် ဒေသန္တရရုံးအဆောက်အအုံများကို ပစ်မှတ်ထားပြီး မီးရှို့ခြင်း၊ ဗုံးဖောက်ခွဲခြင်းနှင့် သေနတ်ပစ်ခတ်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက် နိုင်ခြေရှိမှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက်ရရှိခဲ့သော်လည်း မည်သည့်အချိန်တွင် တိုက်ခိုက်လာနိုင်မည်ကို ကြိုတင်ခန့်မှန်းရန်မှာ မလွယ်ကူခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ် စီဟာဆက် ဖောင်းကတ်ကဲအိုက ဩဂုတ် ၂၄ ရက်တွင် ပြောသည်။

ထိုင်းနိုင်ငံတွင် ၂၀၀၄ ခုနှစ်မှစတင်ကာ အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားမှုကြောင့် လူပေါင်း ၇၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# တရုတ်နိုင်ငံ၌ မိုးသည်းထန်မှုနှင့် မုန်တိုင်းများအတွက် သတိပေးချက်များထုတ်ပြန်

**ပေကျင်း ဩဂုတ် ၂၄**

တရုတ်နိုင်ငံ၏ အမျိုးသားမိုးလေဝသဗဟိုဌာနက ဩဂုတ် ၂၄ ရက်တွင် တိုင်ဖွန်းမုန်တိုင်းနှင့် ပြင်းထန်သော လေထုမတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် ရာသီဥတုအခြေအနေများအတွက် အပြာရောင်သတိပေးချက်ထုတ်ပြန်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းနိုင်မှုအတွက် အဝါရောင်သတိပေးချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ တိုင်ဖွန်းမုန်တိုင်းများကြောင့် နိုင်ငံ၏အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။

တရုတ်မိုးလေဝသ အုပ်ချုပ်ရေးဌာနကလည်း ဩဂုတ် ၂၄ ရက် နေ့လယ်ပိုင်းခန့်တွင် အဓိကမိုးလေဝသဘေးအန္တရာယ်များအတွက် အရေးပေါ်တုံ့ပြန်မှုအဆင့်ကို အဆင့်-၄ မှ အဆင့်-၃ သို့ မြှင့်တင်ခဲ့ကြောင်း သိရသည်။ တရုတ်အမျိုးသားမိုးလေဝသဗဟိုဌာန၏ ခန့်မှန်းချက်အရ ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ ဖူကျန့်၊ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဟိုင်နန်ဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဟူသီက ဆော်ဒီထောက်လှမ်းရေး ဒရုန်းကို ပစ်ချ

**ဆာနား ဩဂုတ် ၂၄**

ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့က အနောက်မြောက်ပိုင်း ဟာဂျာပြည်နယ် ကောင်းကင်ယံတွင် ဆော်ဒီထောက်လှမ်းရေး ဒရုန်းတစ်စင်းကို ပစ်ချခဲ့ကြောင်း ဩဂုတ် ၂၃ ရက်တွင် ပြောသည်။

အဆိုပါဒရုန်းမှာ Scan Eagle အမျိုးအစားဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဟာဂျာပြည်နယ် ကောင်းကင်ယံတွင် ပျံသန်းနေစဉ် ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ဟူသီအဖွဲ့ထိန်းချုပ်ထားသည့် Saba သတင်းဌာနက ဖော်ပြထားသည်။

ဆော်ဒီအာရေဗျ နိုင်ငံက အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ တုံ့ပြန်ပြောကြားထားခြင်း မရှိပေ။

**ဆင်ဟွာ**

## လယ်ဝေးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**လယ်ဝေး ဩဂုတ် ၂၄**

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားမှုးချုပ် (တည်ဆောက်ရေး) ဒေါက်တာ ထွန်းမြင့်အောင်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၂ ရက်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယညွှန်ကြားမှုးချုပ်သည် လယ်ဝေးမြို့နယ် ကန်သာ-ကျသောင်းတောင် ကျေးရွာချင်းဆက်လမ်းပေါ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကန်သာ-ကျသောင်းတောင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျောက်မဆင်ချောင်းကူးတံတား ပေ ၄၀၀ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် လယ်ဝေးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြစ်ရေကြီးမှုကြောင့် ပျက်စီးခဲ့ရသည့် မန္တလေး-စစ်ကိုင်း-မုံရွာ လမ်းမကြီးအား ပြန်လည်ပြုပြင်

**မုံရွာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် မူးမြစ် ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ပျက်စီးခဲ့ရသော မန္တလေး-စစ်ကိုင်း-မုံရွာ ကားလမ်းမကြီး မိုင်တိုင် ၂၃/၂ မှ ၂၆/၀ အကြား ညောင်ပင်ဝန်းကျေးရွာဝန်းကျင်ရှိ ပျက်စီးမှုများကို ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးအတွက် စစ်ကိုင်းခရိုင်လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်ကုမ္ပဏီက ပြုပြင်ဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းခရိုင်လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုင်တိုင် ၂၅/၁ မှ ၂၅/၂ အကြားနှင့် မိုင်တိုင် ၂၅/၅ မှ ၂၅/၆ အကြား လမ်းပိုင်းပျက်စီးမှုကို ကျောက်အရွယ်စုံဖြင့် ပြန်လည်ဖြည့်ခင်းခြင်းနှင့် မိုင်တိုင် ၂၃/၂ မှ ၂၆/၀ အကြား လမ်းမျက်နှာပြင်ပျက်စီးခြင်းကို ကြိုတင်ရောကတ္တရာဖြင့် လမ်းပေါက်ဖာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီး ကျန်ရှိနေသေးသော ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း အမြန်ဆုံးပြီးမြောက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ စပါးခွံဇီဝမီးသွေး ပြုလုပ်သုံးစွဲနည်း တောင်သူနည်းပညာပေး

**မြစ်သား ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေသြဇာသုံးစွဲမှုတိုးမြှင့်ရန်နှင့် ဓာတ်မြေသြဇာသုံးစွဲမှုကို လျှော့ချရန် ရည်ရွယ်၍ စပါးခွံဇီဝ မီးသွေး (biochar) ပြုလုပ်သုံးစွဲနည်း တောင်သူနည်းပညာပေး သရုပ်ပြပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်က ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်နှင့် ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစံအောင်တို့က အမှာစကား ပြောကြားသည်။



ထို့နောက် တောင်သူများအား စိုက်ပျိုးရေးသုံး ဆေးများ ပေးအပ်ပြီး စပါးခွံဇီဝမီးသွေး ပြုလုပ်သုံးစွဲနည်းနှင့် စပါးခွံပေါင်းခံရည် ရယူခြင်းတို့ကို လက်တွေ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ရေဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ဆောင်ရွက်ပေး

**ရေဖြူ ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက အ-လ-က ကျောက်ကညာ(တောင်)ကျောင်း၏ အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခြင်းကို ရေဖြူမြို့ ဓမ္မမာမကဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၂၁ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၆၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်၍ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့၌ ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းဖွင့်

**မုဒုံ ဩဂုတ် ၂၄**

မွန်ပြည်နယ် မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှု အဆင့်(၁)



သင်တန်းပေးခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲကို နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)ရှိ သင်တန်းဝင်းခန်းမ၌ ကျင်းပရာ မော်လမြိုင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်နိုင်ဦးက အမှာစကားပြောကြားပြီး ရော်ဘာပညာရှင်နှင့် တာဝန်ရှိသူများက ရော်ဘာသမိုင်းကြောင်းနှင့် ကျွမ်းကျင်မှုစံချိန်စံညွှန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ သင်တန်းသား ၃၀ ကို ၁၅ ရက်ကြာ စာတွေ့လက်တွေ့ပို့ချ၍ အကဲဖြတ်စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကျောင်းမှ သင်တန်းသား ၅၉၉ ဦးအား သင်ကြားပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**မှော်ဘီ ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော လှည်းကူးမြို့နယ်ရှိ Delta Mate Myanmar Co., Ltd. မှ အာမခံအလုပ်သမား ဒေါ်သင်းစုအောင်၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ခြင်းကို ဩဂုတ် ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး၌ ကျင်းပရာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အာမခံအလုပ်သမား ဒေါ်သင်းစုအောင်၏အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ခွင့်ပြု ငွေကျပ်၅၂၆၃၅၀၀ ကို ကျန်ရစ်သူ မိခင်ဖြစ်သူ ဒေါ်အေးမာထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**



## ပုသိမ်မြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ကျင်းပ

**ပုသိမ် ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်သက်သက်ဆွေ၊ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်တို့က စံပြမိခင်ဆုရရှိသည့် မိခင်များအား ဆုများချီးမြှင့်သည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ အာဟာရကျွေးမွေးခြင်းနှင့် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုများ ဆောင်ရွက်ရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား သန်ချဆေးများ တိုက်ကျွေးပေးသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များစစ်ဆေး

**ပန်းတောင်း ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများ၊ မြို့နယ်စားအုန်းဆီဖြန့်ဝေရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများပူးပေါင်း၍ ပန်းတောင်းမြို့ ဥသျှစ်ပင်မြို့ရှိ စားအုန်းဆီ လက်လီလက်ကား အရောင်းဆိုင်များကို ရည်ညွှန်းဈေးဖြင့် ရောင်းချမှုရှိ၊ မရှိနှင့် သတ်မှတ်အရေအတွက်အတိုင်း ရောင်းချမှုရှိ မရှိ လိုက်လံစစ်ဆေးခဲ့သည်။

**လပြည့်လင်း(ပြန်/ဆက်)**



## သထုံမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**သထုံ ဩဂုတ် ၂၄**

သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သထုံမြို့နယ် ဒဂ်ါးဆိပ်ခေတ်မီစံပြကျေးရွာ၌ ဖွင့်လှစ်ခဲ့သည့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ ဖျော်ရည်မျိုးစုံသင်တန်း (မွမ်းမံ)ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးမှူး ဦးခွန်ထွန်းထွန်းလှက သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၁၀ ဦး တက်ရောက်ကာ သင်တန်းတက်ရောက်သူများအနက် အမှန်တကယ်လုပ်ငန်းထူထောင်မည့်သူငါးဦးအား စိစစ်ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၂၆ သိန်းနှင့် ညီမျှသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းနှင့် ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အိန္ဒိယသမ္မတနိုင်ငံက တပ်မတော်ဆေးတက္ကသိုလ်အတွက် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၄

တပ်မတော်ဆေးတက္ကသိုလ်တွင် ဘွဲ့ကြို၊ ဘွဲ့လွန် ဆေးပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံ အစိုးရက လှူဒါန်းသည့် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှတစ်ဆင့် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင် အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ပြည့်စုံလင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ဇော်မျိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ စစ်သံမှူး Colonel Arjun N Singh နှင့် တာဝန်ရှိသူများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ လှူဒါန်းမှုဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသူများသည် ပေးအပ်လှူဒါန်းထားသည့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသမှုနှင့် ပစ္စည်းများအား အသုံးပြု၍ သင်ကြားရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။



ယနေ့ အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံမှ ပေးအပ်လှူဒါန်းသည့် သင်ထောက်ကူပစ္စည်းများ အနေဖြင့် ဝမ်းဗိုက်နှင့် အရိုးအဆစ်များအတွင်း အပေါက်ငယ်များဖောက်ကာ ကင်မရာဖြင့်ကြည့်၍ ခွဲစိတ်သော စက်ကိရိယာတစ်စုံ၊ အဆင့်မြင့် သွားတုပုံဖော်စက် တစ်စုံ၊ မျိုးရိုးဗီဇစမ်းသပ်စစ်ဆေးသည့် စက်တစ်စုံ၊ ရောဂါဗေဒဓာတ်ခွဲခန်းတွင် အသားစမှန်ပြားများအား ဒီဂျစ်တယ်စနစ်ဖြင့် ကူးယူသောစက် တစ်စုံ၊ ဆေးပညာသင်ကြားရေးဆိုင်ရာ အဆင့်မြင့်အသံနှင့် ကင်မရာစနစ်တစ်စုံ၊ သင်ကြားရေးသုံး မျက်နှာပြင်ကျယ် ကွန်ပျူတာ ဖန်သားပြင်များနှင့် အရည်အသွေးမြင့် ပရိဂျက်တာများပါဝင်ကြောင်း သိရှိရပြီး ဆေးပညာသင်ကြားရေး၊ သုတေသနနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်းနှင့် အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

## ရထားများဖြတ်သန်းစဉ် အရာဝတ္ထုတစ်ခုခုဖြင့် ပစ်ပေါက်ခြင်းမပြုရန် အသိပညာပေး ဆောင်ရွက်လျက်ရှိ

မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍတွင် "ရန်ကုန်-ပြည် ရထားပေါ်သို့ ရွှံ့စေးခဲဖြင့် ပစ်ပေါက်သူများအား အရေးယူပေးစေလို" တင်ပြစာနှင့် ပတ်သက်၍ လက်ပံတန်းမြို့နယ် ရဲတပ်ဖွဲ့နှင့် အမှတ်(၁၉) ရထားရဲတပ်ခွဲမှူးရုံး (လက်ပံတန်း)တို့မှ တပ်ဖွဲ့ဝင်များသည် လက်ပံတန်းဘူတာမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ မီးရထားလမ်းဘေးအနီးရှိ ပတ်ဝန်းကျင်ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရထားစီး ခရီးသွားပြည်သူများအား စုံစမ်းစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့သော်လည်း စုံစမ်းပေါ်ပေါက်မှု မရှိခြင်း၊ ၎င်းဖြစ်စဉ်အား တာဝန်ကျ မီးရထားဝန်ထမ်းများနှင့် ရထားပေါ် လိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့များထံ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားမှု မရှိခြင်း၊ ရထားပေါ် စီးနင်းလိုက်ပါလာသည့် အခြားခရီးသည်များမှလည်း ဖြစ်စဉ်အား မသိရှိခြင်းတို့ကြောင့် ရထားအား ရွှံ့စေးခဲဖြင့် ပစ်ပေါက်ခဲ့သည့် နေရာနှင့် မည်သူမည်ဝါ ပစ်ပေါက်ခဲ့ခြင်းဖြစ်သည်ကို စုံစမ်းသိရှိရခြင်း မရှိကြောင်း၊ မြန်မာ့မီးရထား တာဝန်ရှိသူများမှ သက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁ ရက်အထိ လက်ပံတန်းမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးအဖွဲ့ ၊ အမှတ်(၁၉) ရထားရဲတပ်ခွဲမှူးတို့ ဦးစီးအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်-ပြည် ရထားလမ်းတစ်လျှောက်ရှိ ကျေးရွာများ၌ လှည့်ကင်းဆောင်ရွက်ခြင်း၊ ရပ်ကွက်/ကျေးရွာများရှိ ပြည်သူများ၊ စာသင်ကျောင်းများရှိ ကျောင်းသားကျောင်းသူများ၊ ဘူတာရုံများရှိ ရထားစီးခရီးသည်များအား အသိပညာပေးဟောပြောခြင်း၊ မီးရထားကို ခဲဖြင့် ပစ်ပေါက်ပါက အရေးယူခံရမည့် ပြစ်မှုပြစ်ဒဏ်များအား ချပြရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း၊ ရထားသံလမ်းနှင့် ပြေးဆွဲနေသည့် ရထားများ/ ရထားစီးခရီးသည်များ အန္တရာယ်ဖြစ်စေမည့် မှုခင်းဖြစ်စဉ်များ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်နိုင်ရေးအတွက် ရထားရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့၊ မြန်မာ့မီးရထားဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**







ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်တွင် ကျောက်အသေးစားများတင်ဆောင်ပြီး ရဲသီဟ မောင်းနှင်လာသည့် MDY-1, 4R/4289 အပြာရောင် FAW ယာဉ်(အပေါ်ပုံ)နှင့် ထွန်းထွန်းနိုင် မောင်းနှင်လာသည့် NPW-1,2S/4372 အပြာရောင် FAW ယာဉ် (အောက်ပုံ) သည် ကျောက်များအား စနစ်တကျ လုံခြုံစွာ ဖုံးအုပ်ထားခြင်းမရှိသဖြင့် အရေးယူဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## ဖုံးအုပ်မှုမပါသည့် စည်းကမ်းမဲ့ သဲကား၊ ကျောက်ကားများကို အရေးယူလျက်ရှိ

မြန်မာ့အလင်းသတင်းစာပါ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပြည်သူတစ်ဦးမှ ရေးသားပေးပို့တိုင်ကြားလာခဲ့သည့် "ဖုံးအုပ်မှုမပါသည့် စည်းကမ်းမဲ့ သဲကား၊ ကျောက်ကားများကို အရေးယူပေးစေလို" ခေါင်းစဉ်ပါ ပေးပို့စာနှင့်ပတ်သက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်း သဲ/ကျောက်များ တင်ဆောင်သည့် မော်တော်ယာဉ် ၁၀၄ စီးအား စစ်ဆေးဆောင်ရွက်ခဲ့ပြီး စည်းကမ်းမဲ့ မောင်းနှင်ခြင်းမပြုရန်နှင့် သေချာစွာဖုံးအုပ်မောင်းနှင်ရန် အသိပညာပေးရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့အပြင် ဇူလိုင် ၂၅ ရက်က သဲ၊ ကျောက်များ တင်ဆောင်ပြီး စနစ်တကျ လုံခြုံစွာဖုံးအုပ်ထားခြင်းမရှိဘဲ စည်းကမ်းမဲ့မောင်းနှင်ခဲ့သည့် ရဲသီဟ မောင်းနှင်သော ယာဉ်အမှတ် MDY-1, 4R/4289 နံပါတ်ပါ FAW အမျိုးအစား အပြာရောင်မော်တော်ယာဉ်နှင့် ယာဉ်မောင်း ထွန်းထွန်းနိုင် မောင်းနှင်သောယာဉ်အမှတ် NPW-1,2S/4372 နံပါတ်ပါ FAW အမျိုးအစား အပြာရောင်မော်တော်ယာဉ်တို့အား ဇူလိုင် ၂၇ ရက်က ဇမ္ဗူသီရိမြို့နယ်တရားရုံးက နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ ဖြင့် အရေးယူခဲ့ပြီး ဒဏ်ငွေကျပ် တစ်သိန်းစီ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**

## လင်းဆွဲသူခိုးများကို အရေးယူလျက်ရှိ

မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ရေးသားပေးပို့လာခဲ့သည့် "လင်းဆွဲသူခိုးများကို အရေးယူပေးစေလို" ခေါင်းစဉ်ပါ တင်ပြစာနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သဃ်န်းကျွန်းမြို့နယ် စံပြဈေးအနီး၊ လေးထောင့်ကန်လမ်းမကြီးတစ်လျှောက် နယ်မြေစိုးမိုးရေးဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၄ ရက် နံနက် ၃ နာရီ မိနစ် ၄၀ တွင် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် စံပြဈေးအနီး လေးထောင့်ကန်လမ်းနှင့် ဦးတင်ဦးလမ်းဆုံ၌ ညအချိန်မှောင်ရိပ်ခို၍ မသင်္ကာဖွယ် ချောင်းမြောင်းသွားလာနေသူ စိုးမြင့် (၅၃ နှစ်)၊ ကျပန်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေသူနှင့် စိုးမိုးအောင် (၄၀ )၊ ကျပန်း၊ တာဘောင် (ကျူးကျော်)၊ သဃ်န်းကျွန်းမြို့နယ်နေသူ နှစ်ဦးအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေပုဒ်မ ၆၁ (ဂ) ဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး သဃ်န်းကျွန်းမြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် တရားရုံးက ဒဏ်ငွေသုံးသောင်းကျပ်စီပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**





## အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ- mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

## လှိုင်လင်ခရိုင်(ဂျီအီးစီ) ခရိုင်ဝန်ထမ်းပေါင်းစုံသမအသင်း အမှုဆောင်သစ်ရွေးချယ်

**လှိုင်လင် ဩဂုတ် ၂၄**

လှိုင်လင်ခရိုင် (ဂျီအီးစီ) ခရိုင် ဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဩဂုတ် ၂၃ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကား ပြောကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက ဒါရိုက်တာအဖွဲ့၏ ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားခြင်း၊ ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း အတည်ပြုခြင်း၊ အမှုဆောင်အဖွဲ့ အသစ်ကို ပြန်လည်ရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**အယ်မင်း(လှိုင်လင်)**



## တပ်ကုန်းမြို့နယ်၌ မြို့မဈေး ငွေစုငွေချေးသမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်

**တပ်ကုန်း ဩဂုတ် ၂၄**

နေပြည်တော်တပ်ကုန်းမြို့နယ် မြို့မဈေး ငွေစုငွေချေးသမဝါယမအသင်း (လီမိတက်) ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည် သင်းလုံးကျွတ်နှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၂၂ ရက်က အဆိုပါ မြို့မဈေးဓမ္မာရုံ၌ ကျင်းပရာ မြို့မဈေး ငွေစုငွေချေးသမဝါယမအသင်း ဥက္ကဋ္ဌဦးအောင်ဆန်းက အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးကျော်ဝင်းက နှစ်ချုပ်စစ်ဆေးချက်၊ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ တင်ပြပြီး ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်ခဲ့သည်။

ထို့နောက် အသင်းသားများ၏ အစုပေါ်အမြတ်ငွေနှင့်အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းဖွင့်

**သထုံ ဩဂုတ် ၂၄**

မွန်ပြည်နယ် သထုံမြို့ရှိ ငါးလုပ်ငန်း သင်တန်းကျောင်းတွင် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေး သင်တန်းကို ဩဂုတ် ၂၁ ရက်က ဖွင့်လှစ်ရာ သထုံခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးဝင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်ငါးလုပ်ငန်း



ဦးစီးဌာနမှူး ဦးစိုးဝင်း၊ သထုံ ငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးဝင်းဗိုလ်နှင့် တာဝန်ရှိသူများက ငါးများ၏ နေထိုင်ကျက်စားမှု ဓလေ့၊ ငါးကန်တူးဖော်ခြင်း၊ ကန်အရည်အသွေး ပြုပြင်ခြင်း၊ ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ မျိုးငါးရွေးချယ် ထိန်းသိမ်းခြင်း၊ ရေချိုငါးမျိုးများ လက်တွေ့ဆေးထိုး သားဖောက်ခြင်း၊ ငါးအစာအာဟာရနှင့် အစာကျွေးနည်းစနစ်များ စသည်တို့ကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သထုံမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများနှင့် ငါးမွေးမြူရေးလုပ်ငန်း စိတ်ပါဝင်စားသူ ၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တိုင်းရင်းကြက် စီးပွားဖြစ်စနစ်တကျမွေးမြူရေး သင်တန်းဖွင့်

**တောင်ကြီး ဩဂုတ် ၂၄**

တောင်ကြီးမြို့နယ်၌ ဩဂုတ် ၂၂ ရက်က ခရိုင်ဦးစီးမှူး ဒေါက်တာနီနီဝင်း ဦးဆောင်မှုဖြင့် တောင်ကြီးမြို့နယ်ရုံးမှ ဝန်ထမ်းများက ရွှေညောင်မြို့ ဦးစီးမှူးရုံးတွင် တိုင်းရင်းကြက်တစ်အုပ်တစ်မ စီးပွားဖြစ် စနစ်တကျ မွေးမြူမှုဖွံ့ဖြိုးရေးသင်တန်း ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ ရွှေညောင်မြို့ တောင်လေးလုံးကျေးရွာအုပ်စု ကျောက်တဲနှင့် ဘုရားနီကျေးရွာမှ တိုင်းရင်းကြက်တစ်ပိုင်တစ်နိုင် မွေးမြူသူ ၂၀ တက်ရောက်ပြီး ခရိုင်ဦးစီးမှူးက ခြံဖျန်းရောဂါပိုးသတ်ဆေးနှင့် မြို့နယ်ဦးစီးမှူးက အပူဒဏ်ခံကြက်လည်လိမ်ကာကွယ်ဆေးများ အခမဲ့ ထောက်ပံ့ပေးအပ်ခြင်း၊ နမူနာစံပြ တိုင်းရင်းကြက်သရုပ်ပြခြံများ လက်တွေ့လေ့လာခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ သဘာဝမြေဆွေးပြုလုပ်ခြင်းနှင့် တောင်သူပညာပေးသရုပ်ပြသ

**မြစ်သား ဩဂုတ် ၂၄**

မြစ်သားမြို့နယ်တွင် လယ်ယာသုံး စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ လေမှုတ်သွင်းစနစ် မြေဩဇာကန်ဖြင့် မြေဆွေးပြုလုပ်သည့် တောင်သူပညာပေး သရုပ်ပြပွဲကို



ဩဂုတ် ၂၁ ရက်က အဆိုပါရုံးဝင်း အတွင်း၌ သရုပ်ပြသသည်။

သရုပ်ပြသပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးထွန်းထွန်းလင်းက သဘာဝမြေဆွေး ပြုလုပ်ရာတွင် နွားချေး၊ ဖေဒါ၊ ကောက်ရိုးများကို အချိုးကျ ရောစပ်ခြင်း၊ လေမှုတ်သွင်းစနစ်ကန်ကို အသုံးပြုခြင်း၊ အစိုဓာတ်နှင့် အပူချိန်ကို စနစ်တကျ ထိန်းသိမ်း၍ မြေဆွေးရင့်မာအောင် ပြုလုပ်ခြင်း စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးမင်းနိုင်က ဒေသခံတောင်သူများအား သဘာဝမြေဆွေး မြေဩဇာ ပြုလုပ်နည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သရုပ်ပြပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၄၀ တို့က သဘာဝမြေဆွေးထုတ်လုပ်မှုစနစ်ကို ကြည့်ရှုအားပေးခဲ့သည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့နယ်၌ ကျေးရွာသောက်သုံးရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကြို့ပင်ကောက် ဩဂုတ် ၂၄**



သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးညွန့်ဇော်၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက သပြေတန်းကျေးရွာ၌ သောက်သုံးရေရရှိရေး စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၂၀ ရက်က ကြည့်ရှုစစ်ဆေးသည်။

သောက်သုံးရေရရှိ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ Steel Structure အမြင့်တင် ရေစင်တည်ဆောက်ခြင်း၊ မီတာတပ်ဆင်ခြင်းနှင့် အရှည်ပေ ၈၆၀ ကျေးရွာတွင်း ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းတို့ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၀ ဒသမ ၈၁၂ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဩဂုတ်လ ပထမပတ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

**သန်းလွင်(မကွေး)**



## ပခုက္ကူမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ပခုက္ကူ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၀ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်တင်တင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဦးက နှစ်အလိုက် ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ၊ ၂၀၂၂ ခုနှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ၊ စစ်ဆေးမှူး(၃) ဦးဌေးဝင်းက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် စက်ဘီးစီးနင်းသူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများအကြောင်းတို့ကို အသိပညာပေး ဟောပြောကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## ကော့သောင်းမြို့၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ကော့သောင်း ဩဂုတ် ၂၄**

ကော့သောင်းမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၀ရက်က ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန



ဟံသာဝတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လယ်ယာမြေစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် စီမံကိန်းလုပ်ငန်းများ၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များ၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုများ၊ စိုက်ပျိုးရေးကဏ္ဍမြင့်တင်ရေး ဆောင်ရွက်နေမှုများ၊ ကျေးရွာချင်းဆက်လမ်းတံတားများ အဆင့်မြင့်တင်၊ ဖောက်လုပ်ပေးခြင်းလုပ်ငန်းများနှင့် ဌာနအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်ကြသူများက ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

# ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

**၁။ ယှဉ်ပြိုင်ရန်လျာထားသောပြိုင်ပွဲအဆင့်**

(က) ဝါသနာရှင်(ပထမတန်း)အဆင့်

( ခ ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်

( ဂ ) အဆင့်မြင့်ပညာအဆင့်

(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်

( င ) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

**၂။ ယှဉ်ပြိုင်ရန်လျာထားသော ဘာသာရပ်များ**

(က) **အဆိုပြိုင်ပွဲ**

(၁) မဟာဂီတ (အဆင့်အားလုံး)

(၂) ခေတ်ဟောင်းတေး/ကာလပေါ် (အဆင့်အားလုံး)

(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ{ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်}(အမျိုးသား၊ အမျိုးသမီး)

( ခ ) **အကပြိုင်ပွဲ**

(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)

(၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) (အမျိုးသမီး) ၁၆ ဦး ယိမ်းအကပြိုင်ပွဲ (အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း အဆင့်)

(၃) တိုင်းရင်းသားရိုးရာအက/ ကျေးလက်ရိုးရာအကပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး၊ ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ယှဉ်ပြိုင်ရန်)

(၄) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ {ဝါသနာရှင်(ဒုတိယတန်း)အဆင့်}(မင်းသား၊ မင်းသမီး)

(၅) ကချင်ပြည်နယ်ရှိ တိုင်းရင်းသားတို့၏ ရိုးရာအကပြိုင်ပွဲ၊ ၁၆ – ဦး

(၆) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့် ဝိဓူရဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန်သတ်မှတ် ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာတစ်ဖွဲ့လျှင် ဆိုင်ဝိုင်းပြောနှင့် အခြား ပညာရှင် ၃၀ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၇ ဦး ယှဉ်ပြိုင်ရန်)

(၇) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့် သုဝဏ္ဏသာမ ဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန် သတ်မှတ်ချိန်မှာ ၁ နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင် အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့် ဆိုင်ပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၂၀ ဦး ယှဉ်ပြိုင်ရန်)

(၈) ကွက်စိပ်ပြိုင်ပွဲ

- ဝါသနာရှင်(ပထမတန်း)အဆင့်(ရက္ခဓမ္မဇာတ်)
- ဝါသနာရှင်(ဒုတိယတန်း)အဆင့်(သမ္ဗောဒမာနဇာတ်)

( ဂ ) **အရေးပြိုင်ပွဲ**

(၁) ဝါသနာရှင်(ပထမတန်း)အဆင့်

(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(၃) အဆင့်မြင့်ပညာအဆင့်

(၄) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်

(ဃ) **အတီးပြိုင်ပွဲ**

(၁) စောင်း – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၂) စန္ဒရား – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၃) ပတ္တလား – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၄) တယော – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၅) မယ်ဒလင် – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၆) ဂီတာ – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၇) ဒုံမင်း – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၈) ဆိုင်းတစ်ဦးချင်း – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၉) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် – အဖွဲ့လိုက်(အမျိုးသား – ၈ ဦး၊ အမျိုးသမီး – ၈ ဦး)

(၁၀) နှဲ – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၁၁) ပလွေ – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၁၂) အိုးစည် – အဖွဲ့လိုက်(အမျိုးသား – ၅ ဦး)

(၁၃) ဒိုးပတ် – အဖွဲ့လိုက်(အမျိုးသား – ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း)၊ ဝါသနာရှင်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်)

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

### "မဟာဂီတ"

**၁။ ဝါသနာရှင် (ပထမတန်း) အမျိုးသား၊ အမျိုးသမီး**

(က) စုံသာမြိုင်လယ် (သီချင်းခံ)

( ခ ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)

( ဂ ) မြိုင်ဟောဝန် (ပတ်ပျိုး)

(ဃ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနှံ့လေးထွေ သံကပ်(မြင်းခင်း)မြန်ခန်းကျွန်းတွင်း (ကြိုး)

( င ) ကြို့ညိုစံရာ (ယိုးဒယား)

( စ ) ခြည်ပန်းထောင်ကွန့် စက်နေရုံ (ဘွဲ့)

(ဆ) အာကာယံထဲ (ပတ်ပျိုး)

( ဇ ) သောင်းကျေးဒီပါဖွေ (မွန်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီး**

(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

( ခ ) မဏိကဥ္စနာ (ပတ်ပျိုး)

( ဂ ) ဖြူပြာမှူရာ (ပတ်ပျိုး)

(ဃ) မြန်သပြေညာ (ယိုးဒယား)

( င ) ကောင်းချီးသဒ္ဒါ (မွန်)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) လွမ်းခြင်းအစချီ ဟေမာန်ပွေဟန် (ပတ်ပျိုး)

( ခ ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

( ဂ ) ရွှေပင်ရွှေဘုန်း (ကြိုး)

(ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

**၄။ အခြေခံပညာအဆင့် (၁၅–၂၀) (အမျိုးသား၊ အမျိုးသမီး)**

(က) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)

( ခ ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

( ဂ ) မာရဝိဇယ (ဘွဲ့)

(ဃ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)

**၅။ အခြေခံပညာအဆင့် (၁၀–၁၅) (အမျိုးသား၊ အမျိုးသမီး)**

(က) သည်ဆောင်းဟေမာန် (ဘွဲ့)

( ခ ) မြိုင်ခြေတစ်ခွင် (ပတ်ပျိုး)

( ဂ ) တောဟေဝန်လယ် (ယိုးဒယား)

(ဃ) ပြောင်ပြောင်နာဂိန် (ကြိုး)

### "ခေတ်ဟောင်းတေး / ကာလပေါ်တေး"

**၁။ ဝါသနာရှင် (ပထမတန်း) အမျိုးသား**

(က) မြဘယက် (ဥသြဘသောင်)

( ခ ) တောင်သမန် (နန်းတော်ရှေ့ ဆရာတင်)

( ဂ ) စွဲမက်ပါတဲ့အာရုံ (ဥသြဘသောင်)

(ဃ) ညီတော်မင်းနန် (ဝင်းဦး)

( င ) ရပ်ကြီးသူ (ဦးသိန်းကြွယ်)

( စ ) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)

(ဆ) ဘုံခမ္မတာ (ဥသြဘသောင်)

( ဇ ) မင်္ဂလာတော် (ဥသြဘသောင်)

( ဈ ) ကျောင်းတော်ရာ (ပြည်ဘရှင်)

(ည) သရက်ပင်အိုဏ်သံဝေဂ (ကိုမင်းနောင်)

**၂။ ဝါသနာရှင် (ပထမတန်း) အမျိုးသမီး**

(က) တောင်သူပျို (ဒေါ်ကြည်အောင်)

( ခ ) မဟာတြိရတန (ရီရီသန့်)

( ဂ ) စာဆိုခံ "လ"လုံး (မာမာအေး)

(ဃ) အလှူ့အစ်မ (မာမာအေး)

( င ) မေတ္တာဝေသံဆန်း (ဝင်းဦး)

( စ ) စည်တော်ကြီး (မာမာအေး)

(ဆ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)

( ဇ ) ပြိုင်ပွဲကြီး (ထား)

( ဈ ) ဂီတအခြေခံ (အဖွဲ့)

(ည) ခါတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)

**၃။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**

(က) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)

( ခ ) မာန် (ဂီတလုလင်မောင်ကိုကို)

( ဂ ) ဂျင်မလေးဂျမ်း (ကိုမင်းနောင်)

(ဃ) စွယ်တော်ခိုးခန်း (ဒေါ်ကြည်အောင်)

( င ) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်မောင်ကိုကို)

( စ ) မဟာဇနက္က (ခင်မောင်ရင်)

**၄။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး**

(က) အာရောဂျံ (ဒေါ်ကြည်အောင်)

( ခ ) နားလည်ပေးပါ (ထား)

( ဂ ) ဝနိမိတ် (စိန်ပါတီ)

(ဃ) ဂီတဥလီ (သင်းသင်းမြတ်)

( င ) ဓမ္မစကြာ (ဒေါ်ကြည်အောင်)

( စ ) ကထိန်သင်္ကန်း (စိန်ပါတီ)

**၅။ အဆင့်မြင့် (အမျိုးသား)**

(က) ဖြောသံ (ဥက္ကာလာမောင်)

( ခ ) စိမ်းလဲ့ညို (မောင်မောင်ကြီး)

( ဂ ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)

(ဃ) အလွမ်းပြေအမေ့စာ (မောင်မောင်လတ်)

**၆။ အဆင့်မြင့် (အမျိုးသမီး)**

(က) မြည္ဒင်းလေပြေ (မအေးမိ)

( ခ ) ပန်းခင်းသောလမ်း (မြသက်မှူ)

( ဂ ) မြသဝန်ကြောင် (ထား)

(ဃ) အစိန္တေယျ (ဌေးဌေးမြင့်)

**၇။ အခြေခံ (၁၅–၂၀) အမျိုးသား**

(က) ဖူးစာ (ကိုအံ့ကြီး)

( ခ ) မြတ်ဒေသနာ (သထုံဘသိန်း)

*စာမျက်နှာ ၂၀ သို့*

*စာမျက်နှာ ၁၉ မှ*

(ဂ) အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်)
(ဃ) အန္တရာယ်ကင်း (ဂီတာစိမ်းမောင်၊ ရွှေတိုင်ညွန့်)

**၈။ အခြေခံ (၁၅-၂၀) အမျိုးသမီး**
(က) ရွှေဖိုးခေါင် (ဒေစီကျော်ဝင်း)
(ခ) ဟေမန္တရဲ့သဘာဝ (သင်းသင်းမြတ်)
(ဂ) ပါရမီတော် (တင်တင်မြ)
(ဃ) မေတ္တာသံဝေ (လှလှရီ)

**၉။ အခြေခံ (၁၀-၁၅) အမျိုးသား**
(က) ဖုံကြီးသံ (သန်းထွန်းလေး)
(ခ) ရှင်သီဝလိ (ပြည်လှဖေ)
(ဂ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)
(ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

**၁၀။ အခြေခံ (၁၀-၁၅) အမျိုးသမီး**
(က) သီရိရတနာ (ဒေါ်ကြည်အောင်)
(ခ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)
(ဂ) ဓမ္မစက်တော် (မြင့်မြင့်ရှိန်)
(ဃ) ဆံရစ်ဝိုင်း (ကြည်ကြည်ဝင်း)

**"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း"**

**၁။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**
(က) မြန်မာသီချင်းဆိုရအောင် (လှမြင့်ဝင်း)
(ခ) လူ့ချွန်လူကောင်း (ကိုအံ့ကြီး)
(ဂ) ကမ္ဘာတည်သရွေ့ (အောင်ထက်)
(ဃ) ငြိမ်းချမ်းရေးပန်းခင်း (ခိုင်ထူး)
(င) စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် (ဇော်ဝင်းထွဋ်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး**
(က) ပြည်ထောင်စုစိတ်ဓာတ် (ရန်အောင်၊ ကျော်စိုးဦး၊ ရတနာဦး၊ စိုးစန္ဒာထွန်း)
(ခ) တပင်ရွှေထီး (မကြည်အောင်)
(ဂ) မြန်မာ့မူမှန် (မြန်မာ့အသံအဖွဲ့)
(ဃ) ပြည်ထောင်စုရဲ့ထာဝရအလှများ (ဆုန်သင်းပါရ်)
(င) ပင်ချင်းယှက်၍နွယ်ချင်းခက်သော် (မာမာအေး)

**၃။ အဆင့်မြင့် (အမျိုးသား)**
(က) အဖိုးတို့ အဖေတို့ ကျွန်တော်တို့တေးများ (မောင်မြတ်သူ)
(ခ) မဟာ (ဇော်ဝင်းထွဋ်)
(ဂ) ဇာတိမာန် (ဥဩဘသောင်)
(ဃ) ခေတ်ဆန်းချိန် (ရွှေညာမောင်)

**၄။ အဆင့်မြင့် (အမျိုးသမီး)**
(က) ရွှေအဆင်းနဲ့ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)
(ခ) ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိနေမှာ (ဟေမာနေဝင်း)
(ဂ) တစ်ဘာသာအလှ (ငြိမ်းငြိမ်းအိ)
(ဃ) နွယ်သာကီ (ခင်ညွန့်ရီ)

**၅။ အခြေခံ (၁၅-၂၀) အမျိုးသား**
(က) ဖေဖေပြောသောပုံပြင် (မောင်တင်ဝင်း)
(ခ) အနာဂတ်ပန်း (ညွန့်ဝင်း+အေဝမ်းတင်တင်လှ)
(ဂ) ရောင်နီသစ်ပြီ (ရဲထိုက်+ရွှေနန်းထက်)
(ဃ) မြန်မာ့ဂုဏ်ရည် (ဝင်းဦး)

**၆။ အခြေခံ (၁၅-၂၀) အမျိုးသမီး**
(က) ပန်းတိုင်းပွင့်၍မွှေးသောမြေ (ရတနာဦး)
(ခ) မြန်မာပြည်ကိုလာပါ (နွဲ့ယဉ်ဝင်း)
(ဂ) မင်္ဂလာပါရှင် (ကြည်ကြည်ဝင်း)
(ဃ) လှပတဲ့အနာဂတ်ဆီသို့ (မေဆွိ)

**(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
**"စောင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ဖြူပြာမူရာ (ပတ်ပျိုး)
(ခ) တောတောင်စွယ် (ယိုးဒယား)
(ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဃ) စိန်မြရံခြယ် (မွန်)
(င) သပြေပင်ဝန်း (ကြိုး)
(စ) အောင်မြေသာစံ (ပတ်ပျိုး)
(ဆ) တောင်ဇမ္ဗူပိုင် ( ယိုးဒယား)
(ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ခါနွေဆန်း (ယိုးဒယား)
(ခ) ရှစ်စုံရွက်ကြာ (ပတ်ပျိုး)
(ဂ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(င) ခိုင်ပန်းစုံ (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) အိုသာတင့်ဆုံး (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) မာရဝိဇယ (ဘွဲ့)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ကန္တာတောခြေ (ယိုးဒယား)
(ခ) နှုန်းနှန်းထောက်စား (ကြိုး)
(ဂ) မင်္ဂလာသီရိ (ဘွဲ့)

**"စန္ဒရား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ဇာတိအာဏာ (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
(ဃ) ကောင်းချီးသဘ်ါ (မွန်)
(င) မိုဃ်းဒေဝါ-ချိန်ခါလေ (ပတ်ပျိုး)
(စ) ယသော်ရော (ယိုးဒယား)
(ဆ) သေနင်္ဂမည် (မိုးဘွဲ့ပတ်ပျိုး)
(ဇ) အောင်မြေသာစံ (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)**
(က) သောင်းရွှေလယ် (ယိုးဒယား)
(ခ) ဆောင်းနှင်းဖြူနှင့် ကိုယ့်ချစ်သူ (ကာလပေါ်)၊ တွံတေးသိန်းတန်(key-G)
(ဂ) ချစ်သမျှကို (ပတ်ပျိုး)
(ဃ) တောဟေဝန်လယ် (ယိုးဒယား)
(င) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဂ) မေ့ဘဝခဏ ဘယ်သူယူပုံ့မယ် (ကာလပေါ်)၊ (မာမာအေး keyC#)

ယာဉ်အမှတ် 42W/84214 Sabbo– 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးလွင် ၉/အမဇ(နိုင်) ၀၇၉၂၁၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/75522 Yunde–110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဗိုလ် ၉/မကန(နိုင်)၀၃၆၃၈၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/92263 Smile 125 ယာဉ်လက်ဝယ်ရှိသူ CP Motor Myanmar Co.,Ltd က ကမ–၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/91936 Wuyang Honda 125 ယာဉ်လက်ဝယ်ရှိသူToyomax Trading Co.,Ltd က ကမ–၃ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကင်မွန်းခြံလမ်း၊ ကွင်းအမှတ်နှင့်အမည် ၉၈/တောက ၊ ဦးပိုင်အမှတ် ၁၅/ခ/၂ + ၁၆/၇၉/၂၊ ဧရိယာ( ၀.၁၁ + ၀.၀၅ )ဧကရှိမြေကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁–က) စာရင်းတွင် ဒေါ်တုတ်တုတ်လှ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်တုတ်တုတ်လှသည် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်–၄၀၇/၂၀၂၆ အရ ဦးစိုးသန်းအား မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ဦးစိုးသန်းသည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်း ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးစိုးသန်းမှ ၎င်း၏အမည်သို့အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၁၄၇၆၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ရင်မြင့် ၁၀/မလမ(နိုင်)၁၃၈၂၇၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၀

ဦးစိုင်းအိုက်စိုင်း **နှင့်** ဒေါ်ခင်ညွန့်လွင်
**(တရားလို)** **(တရားပြိုင်)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(မ/၄၉) နေ ဒေါ်ခင်ညွန့်လွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းအိုက်စိုင်း က " ဝယ်ယူထားသည့် အိမ်ခြံမြေကွက်အား ပဋိညာဉ်အတိုင်းအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၃ ရက်)၊ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( စိုင်းအောင်မြင့်ဦး)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၁

ဒေါ်မြင့်မြင့်သန်း **နှင့်** ဦးမြသန်း
**(တရားလို)** **(တရားပြိုင်)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်ကြီး (၅၀)၊ နယ်မြေ(၄) နေ ဦးမြသန်း (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်သန်း က "မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( စိုင်းအောင်မြင့်ဦး)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဦးကိုကိုသက် (၁၂/ရပသ(နိုင်) ဝ၄၂၁၂၂)နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လှစန္ဒာလွင် ၇/ရတန(နိုင်) ဝဝ၁၅၁ဝ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးကိုကိုသက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄)၊ (၈) ရပ်ကွက်၊ ဝက်ဘာ (၁)လမ်း၊ အိမ်အမှတ်(၂ဝ၈)(က)/(ခ)၊ မြေဧရိယာ ပေ (၄ဝx၆ဝ) အကျယ်အဝန်းရှိ မြေနှင့်မြေပေါ်ရှိ အိမ်အဆောက်အအုံသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှစန္ဒာလွင် အပါအဝင် ကျန်မောင်နှမ စုစုပေါင်း (၁၁)ဦးတို့၏ ဖခင် ဦးမျိုးလွင်နှင့် မိခင် ဒေါ်ညွန့်ညွန့်သိုက် တို့ ပိုင်ဆိုင်ခဲ့သော မြေနှင့်အိမ်ဖြစ်ပြီး ယခုအခါ ဖခင်နှင့် မိခင် ကွယ်လွန်သွားပြီးဖြစ်၍ အဆိုပါ မြေနှင့်အိမ်သည် ၎င်းမိဘနှစ်ပါးမှ မွေးဖွားခဲ့သော အထက်ဖော်ပြပါ သား/သမီး (၁၁)ဦး တို့၏ အမွေဆိုင်အဖြစ် ပိုင်ဆိုင်သော မြေနှင့် အိမ်ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှစန္ဒာလွင် အပါအဝင် ကျန်မောင်နှမများ၏ ခွင့်ပြုချက်ဖြင့် အဆိုပါ မြေနှင့်အိမ်ပေါ်တွင် စတုတ္ထမြောက်သားဖြစ်သူ လူကြီးမင်းအား ခွင့်ပြုချက်ဖြင့်အခမဲ့ နေထိုင်စေခဲ့ခြင်းအပေါ် လူကြီးမင်းမှ အဆိုပါမြေနှင့် အိမ်ကို အခြားသူထံသို့ ရောင်းချရန် လိုက်လံဆောင်ရွက်ခြင်းကို ကျွန်ုပ်မိတ်ဆွေ နှင့် ကျန်မောင်နှမများ ကြားသိရှိရ၍ ထိုသို့ ဆောင်ရွက်ခြင်းကိုခွင့်မပြုကြောင်းနှင့် လူကြီးမင်းမှ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးမာ**
**LL.B,LL.M(International Law)**
**အထက်တန်းရှေ့နေ(စဉ်–၃၆၉၅၇/၂၀၁၅)**
**အမှတ်(၂၆)၊ မြေညီထပ်၊ (၂၆)လမ်း၊ အောက်ဘလောက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း–ဝ၉–၄၃၁၇၅၅၈၉**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ရွှေရောင်မော်ကွန်း ကိုယ်ပိုင်အထက်တန်းကျောင်း G–12 မှ (ဘ)ဦးသိန်းထိုက် ၁၄/ ပသန(နိုင်)၁၇၅၁၃၂၏ သမီး ဖြစ်သူ မဖူးငုံခင် အား မမဥ္ဇူသစ္စာဟု ပြောင်းလဲခေါ်ဆိုပါရန်။။

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းနေ (ဘ) ဦးအာဇမ်ဘယ် ၏ သမီးဖြစ်သူ ဆရီဖာဘီဘီ(ခ)ဒေါ်နီနီဝင်း(ခ)ဒေါ်စာရီဖာဘီဘီ ၁၂/ပဘတ (နိုင်) ဝ၁ဝ၉၈၃ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဆရီဖာဘီဘီ(ခ)**
**ဒေါ်နီနီဝင်း (ခ)ဒေါ်စာရီဖာဘီဘီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 25W/30791 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## မိခင်အမည်မှန်

ထားဝယ်မြို့၊ အထက (၃) ထားဝယ် Grade–2မှ မဇူးဇူးမြတ်၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်နှင်းဝေ ၆/ထဝန (နိုင်) ၁၄၆၉၃၇ ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်နှင်းဝေ**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ အထက(၃) ထားဝယ် Grade–2မှ မဇူးဇူးမြတ် ၏ ဖခင်အမည်မှန်မှာ ဦးလှစိုး ၆/ထဝန(နိုင်) ၁၈၅၁၉၉ ဖြစ်ပါကြောင်း။

**ဦးလှစိုး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက–၉၊ Grade–9မှ မအိန္ဒြာဖြိုး ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးရန်နိုင်စိုး ၆/ဘပန(နိုင်) ဝ၄၂၈ဝ၂ ဖြစ်ပါကြောင်း။

**ဦးရန်နိုင်စိုး**

## အမည်ပြောင်း

(ဘ)ဦးသန်းဇော်၏ သား မြိတ်မြို့၊ အထက–၈၊ Grade–1မှ မောင်ကောင်းဆက်ပိုင်အား ယနေ့မှစ၍ မောင်ကျော်ခနေအောင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကျော်ခနေအောင်**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ ခေမာ(၆)လမ်း၊ မြေကွက် အမှတ်(၄၂၇)၊ ဦးတင်အောင် (ISN–၁၈၅၈၆၂)၊ ဦးရွှေအင်း(PGU–၁၂၅၃၉၆) အမည်ပေါက် နှစ်(၆ဝ)မြေငှားဂရန်၊ အကျယ်အဝန်းပေ(၃ဝx၅ဝ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၅x၅ဝ)ပေရှိမြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခင်ခင်လှိုင်(၁၃/ကလန(နိုင်)ဝ၁ဝ၉၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေများ မှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ညွန့်(၁၂/ဥကမ(နိုင်)ဝ၈၅၈၉၇)၊**
**ဦးသန့်ဇင်ထွေး(၁၂/ဥကမ(နိုင်)၁၈၁၅၅၈) တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိမွန်ကျော် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၈၉၅)**
**ရုံးခန်း – က/၇၂၇၊ ခေမာသီလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း– ဝ၉ ၄၂ဝ၀၇၇၃၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၃)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ် (၁၉၄၆)၊ အကျယ်အဝန်း (၄ဝပေ × ၆ဝပေ)ရှိ ဦးမောင်ရီ (**MMU-**ဝဝ၆၈ဝ၈) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမြင့် (၁၂/ဒဂတ(နိုင်)ဝ၈ဝ၆၄ဝ) ထံမှ ကျွန်မ ဒေါ်ဇင်မီစုလှိုင် (၁၂/ဥကတ (နိုင်)၁၅၁၉၆၃)က ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဇင်မီစုလှိုင် (၁၂/ဥကတ (နိုင်)၁၅၁၉၆၃)
ဝ၉– ၅ဝ၁ ၈၇၉ ၅

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်(၆၁၆–က)၊ အောင်မင်္ဂလာအနောက်ကွင်း၊ မြေကွက်အမှတ်(၁၆၄)၊ မြေဧရိယာ (ဝ.ဝ၃၃)ကေရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး၊ ဂရန်သစ် လျှောက်ထားနိုင်ရေး ဒေါ်အေးမူ (၆/ဘပန(နိုင်)ဝ၃၂၅၇၆)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်သူများရှိပါက ဘုတ်ပြင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)တိုးချဲ့ ၊အောင်ရတနာလမ်း၊ မြေကွက်အမှတ်(၁၂ဝ၄)၊ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)အမည်ပေါက်၊ ပါမစ်မြေကွက်အမျိုးအစား၊ အကျယ်အဝန်း (ပေ၄ဝxပေ၆ဝ)ရှိ မြေကွက်အနက်မှ အကျယ်အဝန်း အလျားပေ(၂ဝ)xအနံ ပေ(၆ဝ)(ခေါင်းရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်တင်တင်ဝေ(၁၂/မဂဒ(နိုင်)ဝ၅ဝ၁၃၇)မှ ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစိုးအာကာ(၉/အမရ(နိုင်)၁၄၂၄၈၈)နှင့် ဒေါ်ခိုင်မာဦး(၇/ပတတ (နိုင်)၁ဝ၇ဝ၃၄)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါရောင်းချသော မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးအာကာနှင့် ဒေါ်ခိုင်မာဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၇၆၄)**
**ရုံးခန်းအမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး**

## “အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း"

ကျွန်မ ဒေါ်မြင့်မြင့်သိန်း (ဘ) ဦးတင်မောင် (၉/လဝန(နိုင်) ဝဝ၈၂၂၈) မှ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ–၃ဝ၃၄၁)၊ ဧရိယာ (ဝဒသမ ဝ၅၅)ကေရှိ မြေနှင့်ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၃၄၃၇/၂ဝ၂၃)၊ (၁၈–၉–၂ဝ၂၃) ရက်စွဲဖြင့် ဦးမင်းသူ (ဘ) ဦးဝင်းရှိန် (၁၂/ကမတ(နိုင်) ဝ၆၃၅၄ဝ) သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၂၄–၈–၂ဝ၂၆) ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်မြင့်မြင့်သိန်း ၉/လဝန(နိုင်) ဝဝ၈၂၂၈**
**ဖုန်း– ဝ၉–၂၅၃၉၁၁ဝဝ၇**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၉၁၃၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနော်မာရပ်ကွက်၊ အနော်မာ(၃)လမ်း(အရှေ့)၊ အမှတ်(၁၄ဝ/ခ)၊ (တတိယထပ်) (၄–လွှာ/ခေါင်းရင်းခန်း/လက်ဝဲဘက်ခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဝင်း(၁၂/သကတ(နိုင်)ဝ၄၈၉၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်ကျော်ထူး(၁၂/ဗဟန(နိုင်)ဝ၉၁၇၈၁)၊ ဒေါ်ခိုင်စပယ်ဦး(၁၂/သဃက(နိုင်)၁၆၂၁၄၃)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း(LL.B)** | **ဒေါ်သိမ့်သဥ္ဇာလီ(LL.B, LL.M)** |
| **(စဉ်–၁၁၅၅၃)** | **(စဉ်–၁၃၂၈၆)** | **(စဉ်–၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁ဝ/၁၂)၊ ပထမထပ်၊ အခန်း(၁ဝ၄/H)၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–ဝ၉– ၄၄၃ဝ၂၆၁၉၉၊ ဝ၉ ၇၃ဝ၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ်(၁၅/ညံတောတောင်)၊ ဦးပိုင်အမှတ်(၁၃၄)၊ မြေဧရိယာ (ဝ.ဝ၉၃)ကေရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကော်ချန်းဖာ ပါ (၂)ဦး (၁၃/တယန(နိုင်)ဝ၁၈၁၅ဝ) မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၂) ၊ ကွင်း/အကွက်အမှတ် (RA – II / ကွက်ပြင် – ၂ ) ၊ ဦးပိုင်အမှတ် (၁၄၈) ၊ မြေဧရိယာ ( ဝဒသမ၂၁) ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအောင်ဝင်း (၉/မရမ(နိုင်)ဝ၉၂၂၅၄) မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 62W/46380 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် **ယခင်**ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ အမှတ်(၃၃)နေ (ဘ) ဦးအဒူရာရှစ်၏သားဖြစ်သူ ဦးမြင့်ဦး ၁၂/ဗတထ(နိုင်)ဝ၂၈၆၈၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဦးမြင့်ဦးသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မင်းဆယ်ကျေးရွာအုပ်စု၊ မင်းဆယ်ကျေးရွာ၊ မင်းဆယ်ကွင်း၊ ကွင်းအမှတ်(၅၄၆)၊ ဧရိယာ(၂၅.၂၅)ကေလယ်မြေမှာ ဒေါ်ခင်စန်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ထွက်ရှိထားသော ဥယျာဉ်မြေများဖြစ်ပြီး အဆိုပါဥယျာဉ်မြေများအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဦးသည် ၂၀၁၄–၂၀၁၅ ခုနှစ်၌ ဒေါ်ခင်စန်းထံမှ ဝယ်ယူခဲ့ပြီး ယနေ့လက်ရှိတိုင် လုပ်ကိုင်သော ဥယျာဉ်များဖြစ်ပါသည်။

အဆိုပါ ဥယျာဉ်များနှင့်ပတ်သက်၍ (၂၅.၂၂) ကေအနက် (၇.၈၈)ကေ ပုံစံ(၇)မှာ ပျောက်ဆုံးသွားသောကြောင့် အဆိုပါ(၇.၈၈)ကေပုံစံ(၇)နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချထားခြင်းမရှိကြောင်းနှင့် အရှုပ်အရှင်း တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျွန်ုပ်မိတ်ဆွေမှ သက်ဆိုင်ခြင်းမရှိသလို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘိုဘိုပြည့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ် –၁၅၃၃၄) (၁ဝ–၁–၂ဝ၁၉)**
**အမှတ်(၈၅)၊ ခိုင်သော်တာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ မအူပင်မြို့။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

မိတ္ထီလာမြို့နယ်၊ တောမကျေးရွာအုပ်စု၊ တောမကျေးရွာနေ ကျွန်မ ဒေါ်စိုးစိုးလွင် ၁၂/ဥကမ(နိုင်) ဝ၇၇၅၉၁ ၏ သမီးဖြစ်သူ မမေသူ ၁၂/ဥကမ (နိုင်) ၂၄၇ဝ၄၇ သည် အုပ်ထိန်းသူ မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုအား နာယူခြင်းမရှိဘဲ မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူ နေပါ၍၎င်းအား ယနေ့မှစပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပက်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**မိခင်–ဒေါ်စိုးစိုးလွင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/01052 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးလတ် ၁၂/ရပသ(နိုင်)၁၃၉၃၃၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/02561, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၁၄/ပသန(နိုင်)၁၆၈၈၆၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/31747, Kenbo–125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေမိုးဟန် ၉/ပသက(နိုင်) ၁၂၅၂ဝဝ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြည်မောင်
### အထပြ(ငြိမ်း)၊ အထက-၆၊ ဗိုလ်တထောင်
### အသက်(၉၃)နှစ်

ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ သီဟမောင် ၏ ချစ်လှစွာသောဖခင် ဦးကြည်မောင် သည် ၂၃-၈-၂၀၂၆ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဆရာကြီး ဦးစောလှိုင်
### သဲကုန်းအ.ထ.က ကန်တော့ခံဆရာကြီး အမှတ်စဉ် (၄၀)
### သိမ်ကုန်းရွာ၊ သဲကုန်းမြို့နယ်
### အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ်၊ သဖန်းချုံအုပ်စု၊ သိမ်ကုန်းရွာနေ ဦးညွန့်တင် - ဒေါ်သန်း တို့၏သား၊ ဒေါ်ခင်တင့် ၏ ခင်ပွန်း၊ ဦးကျော်မင်း-ဒေါ်သင်းသင်းလှိုင်၊ ဦးဇော်လေး-ဒေါ်ချိုချိုလှိုင်၊ ဒေါ်စုစုလှိုင် တို့၏မွေးသဖခင် ဆရာကြီးဦးစောလှိုင် (အ.လ.ပြ-ငြိမ်း)သည် (၉၆)ပါး ရောဂါဖြင့် ၂၄-၈-၂၀၂၆ ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဆရာကြီး ဦးစောလှိုင်ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**သဲကုန်းအထက ကျောင်းသား/သူဟောင်းများ**
**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 61W/86255 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၂) ၊ ကွင်း / အကွက်အမှတ် ( ၄၅/ မြမာလာ)၊ ဦးပိုင်အမှတ် (၁၃၁-ခ) ၊ မြေဧရိယာ (၀ဒသမ၀၄၁) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးလီယုံချမ်း (၉/ပဥ_လ(နိုင်)၀၂၈၁၉၈) မှ လည်းကောင်း ၊ ဦးပိုင်အမှတ် (၁၃၁ - က) ၊ မြေဧရိယာ ( ၀ဒသမ၀၆၀ ) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးလီယုံချမ်း (၉ / ပဥလ (နိုင်) ၀၂၈၁၉၈ ) မှ လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ( ၁၅ ) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာတွင်နေထိုင်သော ဒေါ်ရီရီချို (၉/မနမ(နိုင်)၀၅၉၈၄၆) ၏သား ဦးရှိန်းလွမ်းဘိုဘို (၉/အမဇ(နိုင်)၀၃၉၈၀၃)၊ ဒေါ်စိမ်းလန်းမိုမို(၉/အမဇ(နိုင်)၀၄၆၂၉၂) တို့၏အစ်ကိုဖြစ်သူ ဦးငြိမ်းချမ်းကိုကို(၉/အမဇ(နိုင်)၀၁၃၃၅၀)သည် မိသားစုနှင့်အတူနေထိုင်ခြင်းမရှိဘဲ ၎င်း၏ကိုယ်ပိုင်လုပ်ငန်းဖြင့် သီးခြားနေထိုင်နေသူဖြစ်ပါသည်။ ထို့ကြောင့် ဦးငြိမ်းချမ်းကိုကို၏ လူမှုရေး၊ ငွေရေးကြေးရေးကိစ္စအဝဝမှာ မိသားစုနှင့်တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိသောကြောင့် ၎င်းနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိသားစုဂုဏ်သိက္ခာ ကျဆင်းစေသည့် အပြောအဆိုအပြုအမူများ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစန်းဆွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၅၆)(၂၁-၁၂-၂၀၂၀)**
**ဈေးချိုရပ်ကွက်၊ အမရပူရမြို့**
**ဖုန်း-၀၉- ၄၀၂၆၃၈၃၁၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/15749, TVS (DAZZ) 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဖူးသန့် ၉/ပကခ(နိုင်)၀၄၆၁၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/6692, Toyota Liteace-KM 75, Pickup (4X2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဦး ၉/မရတ(နိုင်)၀၀၁၄၉၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဒေါ်မြသိန်း
### အသက်(၉၈)နှစ်

မန္တလေးမြို့၊ နန်းရှေ့၊ ဒေါနပွား ရပ်ကွက်နေ (ဦးသာ-ဒေါ်ထိုက်)တို့၏ သမီး၊ (ဦးအေး)၏ဇနီး၊ ရန်ကုန်မြို့၊ သုမင်္ဂလာလုံးချင်းအိမ်ရာ၊ အမှတ်(၅၃)နေ (ဒေါက်တာညွန့်ဝင်း)-ဒေါ်နှင်းဆီ(ခ)ဒေါ်ကြည်ကြည်စိန်တို့၏ မိခင်ကြီး၊ မြေး(၃) ယောက်တို့၏အဘွား၊ ဒေါ်မြသိန်း( အသက်-၉၈)နှစ် သည် ၂၂-၈-၂၀၂၆ရက် ညနေ ၅:၄၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းသွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား ၂၈-၈-၂၀၂၆ရက်(သောကြာနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။
(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၂၆ရက် နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ရဟန်းဒါယိကာမ
## ဒေါ်မြင့်မြင့်(ခ)ဒေါ်မာဂရက်မောင်မောင်
### အထက်တန်းပြ(ငြိမ်း)
### အထက(၂)စမ်းချောင်း
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၁၆)နေ (ဦးမောင်မောင်-ဒေါ်သောင်း)တို့၏သမီး၊ (ဦးအောင်သိန်း-ဒေါ်မြရင်)တို့၏ချွေးမ၊ ဦးသိန်းထွန်း၏ချစ်လှစွာသောဇနီး၊ ကိုပြည်ဝန်းထွန်း ၏ မိခင်သည် ၂၃-၈-၂၀၂၆ရက် မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၂၆ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

ဆီဆိုင်မြို့နယ်၊ အထက (ခွဲ) ၊ ကန်တော်လေး Grade-7 မှ မသင်းသင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးလမဲ ၁၃/ဆဆန(နိုင်)၀၈၆၀၉၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

(ဘ)ဦးဝင်းခိုင်ဦး ၏သား တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အထက(၁) Grade-5 တွင် ပညာသင်ကြားနေသော ဉာဏ်ရှိုင်းထက်အား ကောင်းဉာဏ်ရှိုင်းထက် ဟု ပြောင်းလဲခေါ်ဆိုပေးနိုင်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ရှင်စောပုလမ်း၊ ကွင်းအမှတ်နှင့်အမည် ၉၂ / ဖက်ခင်း ၊ ဦးပိုင်အမှတ် ၆၄/ည/၃/က ၊ ဧရိယာ( ၀ဒသမ၁၁ )ဧကရှိမြေကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဒေါ်သန်းသန်းမြင့် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်သန်းသန်းမြင့် သည် မော်လမြိုင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် - ၁၆၉ / ၂၀၂၆ အရ မိနှင်းသဇင်အောင် အား ရောင်းချပေးခဲ့ပြီး၊ မိနှင်းသဇင်အောင် မှ မှတ်ပုံတင်စာချုပ်အမှတ် - ၃၇၆ / ၂၀၂၆ အရ ဦးသီဟအောင် နှင့် ဒေါ်ဝါဝါလွင် တို့အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ပြန်လည်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးသီဟအောင် နှင့် ဒေါ်ဝါဝါလွင် တို့သည် ၎င်းတို့တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမှုရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးသီဟအောင် နှင့် ဒေါ်ဝါဝါလွင် တို့မှ ၎င်းတို့၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန မော်လမြိုင်မြို့**

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ မိုးမခလမ်းသွယ်၊ အမှတ်(ည/၇၇)နေ ဒေါ်သင်းသင်းဖြိုး (၁၃/တကန(နိုင်)၂၆၉၀၄၈) Sky Wings Chinese Language Center တည်ထောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

Sky Wings Chinese Language Center အား (၁၇-၆-၂၀၂၄)ရက်မှ စတင်၍ ဒေါ်သင်းသင်းဖြိုးမှ စနစ်တကျ တည်ထောင်ခဲ့ပြီး ယနေ့အချိန်ထိ ကောင်းမွန်သောပုံရိပ်ဖြင့် ရပ်တည်လျက်ရှိပါသည်။ ဒေါ်သင်းသင်းဖြိုး တည်ထောင်ထားသည့် Sky Wings Chinese Language Center နှင့်ပတ်သက်၍ သင်တန်းကျောင်း၏ ပုံရိပ်ကို ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ မဟုတ်မမှန် သတင်းအမှားများ ပြောဆိုခြင်းကို လည်းကောင်း၊ Facebook, Tiktok, Youtube, Telegram, Instagram, We Chat, Twitter လူမှုကွန်ရက်စာမျက်နှာများတွင်ဖြစ်စေ၊ အခြား Electronic Device တစ်ခုခုကိုအသုံးပြု၍ ဖြစ်စေ မဟုတ်မမှန်ရေးသားဖော်ပြခြင်း၊ စာသားများနှင့်ရုပ်ပုံများကို Post တင်ခြင်း၊ Like ပေးခြင်း၊ Share ပြုလုပ်ခြင်း၊ Comment များ ရေးသားခြင်းများကိုလည်းကောင်း ခွင့်မပြုပါကြောင်းနှင့် ထိုသို့ပြုလုပ်ခဲ့ပါက ဒေါ်သင်းသင်းဖြိုး Sky Wings Chinese Language Center က တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းဖြိုး၏ လွှဲအပ် ညွှန်ကြားချက်အရ -**
**ဒေါ်နန်းနွယ်နီဖူး (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၄)၊ စံပယ်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့။**
**ဖုန်း-၀၉-၄၂၀၄၅၂၇၈၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးစိုင်းကြည်ဆန်း ၁၃/မရန(နိုင်)၀၁၈၀၃၂ နှင့် ဒေါ်နန်းပိန်း ၁၃/မရန(နိုင်)၀၁၈၀၃၉ တို့၏ တတိယသားဖြစ်သူ မောင်စိုင်းဝင်းဟွာ ၁၃/မရန(နိုင်)၀၄၆၇၀၇ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲခြင်းအမျိုးမျိုး အကြိမ်ကြိမ်ပြုလုပ်သဖြင့် ၎င်းအားရသင့်ရထိုက်သောအမွေကို သက်ဆိုင်ရာ ရပ်ကွက်လူကြီးများရှေ့တွင် ခွဲဝေပြီးဖြစ်ပါ၍ (၈-၈-၂၀၂၆)ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းကြည်ဆန်း၊ ဒေါ်နန်းပိန်း**

# အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ် မျိုးသန့်(ငြိမ်း)နှင့် ဒေါက်တာ ခင်ခင်ဝင်း တို့၏ ဖခင် ဦးလှဖေ အသက်(၉၄)နှစ် သည် ၂၂-၈-၂၀၂၆ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါသောကြောင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ခွဲစိတ်ပါရဂူများ**
**တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့**

## " အများသိစေရန် အသိပေးကြေညာခြင်း "

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၅)၊ ဦးပိုင်အမှတ်(၁၁၈)၊ ဧရိယာ(၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ရွှေအေး အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါဂရန်မြေကွက်ကိုအမည်ပေါက်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သည့် ဒေါ်ထန်းချိန်ကျမ်းက အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဝယ်ယူသူအလိုရှိသည့် အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ကတိပြုထားခဲ့၍ ဤကြေညာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်တွင်လာရောက်ဆက်သွယ်ခြင်းမရှိပါကမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ဒေါ်ရွှေအေးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးဟန်ဝင်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၀၀/ (၂၇-၂-၂၀၁၄)**
**ဖုန်း-၀၉- ၇၉၀၂၀၀၂၀၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ် (၆၃၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးဝင်းနိုင် (၉/မရမ (နိုင်) ၀၅၇၈၉၈) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဝင်းနိုင် ထံမှ ကျွန်တော် ဦးဖြိုးဝေခန့် (၁၂/လယန (နိုင်) ၀၁၃၄၇၅)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဖြိုးဝေခန့် (၁၂/လယန (နိုင်) ၀၁၃၄၇၅)**
**၀၉- ၂၀၄ ၆၅၇ ၉**

## အများသိစေရန် ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဒေါ်ထက်ထက်အောင် (၁၂/ဒဂမ(နိုင်) ၀၁၅၅၁၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်အောင်မှ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးရန်နိုင်ဦး (၁၂/ ဥကတ(နိုင်)၁၅၈၈၁၂)သည် ကျွန်ုပ်မိတ်ဆွေ သိရှိသဘောတူညီမှုမရှိဘဲ ၎င်း၏ကိုယ်ရေးကိုယ်တာအတွက် ငွေကြေးအရှုပ်အရှင်းများ အကြိမ်ကြိမ်ပြုလုပ်နေပါသည်။ သို့ဖြစ်ပါ၍ ဦးရန်နိုင်ဦး၏ ပြုလုပ်ဆောင်ရွက်မှုများ၊ ငွေရေးကြေးရေးကိစ္စရပ်များ၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအားလုံးအတွက် ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါကလည်း ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူအေး (LLB) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၂)၊ ကံသာရပ်(၁)ကွက်၊ ကံသာ(၂)လမ်း၊ ညောင်ရွှေမြို့ ၊**
**ဖုန်း-၀၉-၄၂၈၃ ၅၉၀၉၈၊ ၀၈၁-၂၂၀၉၁၈၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ် (၂၄၂) ပေါ်တွင်ဆောက်လုပ်ထားသော တိုက်အမှတ် (၄၂၃)၊ တိုက်ခန်းနံပါတ် (၅ဘီ)၊ ၂ခန်းတွဲ ၆ထပ်တိုက်၏ စတုတ္ထထပ်-(၅)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်အခြမ်း၊ အကျယ်အဝန်း အလျားxအနံ (၁၂ပေခွဲxပေ၅၀)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ပတ်သက်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ဆက်စပ်စာချုပ်များ လက်ဝယ်ကိုင်ဆောင်ထားပြီး တရားဝင်ပိုင်ဆိုင်ကာ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်သက်သက်ထွေး (၁၄/ဇလန(နိုင်)၁၀၄၉၈၀)က ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ထက်ဇော် (၁၂/သကတ(နိုင်)၁၇၃၃၈၂)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ၊ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှု ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်ဇော် (၁၂/သကတ(နိုင်)၁၇၃၃၈၂) ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယုဝတီအောင် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ် ၁၅၇၄၄)**
**အမှတ်(၁၃၉-၃ဘီ)၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၁၂၅၁၈၄၈၊ ၀၉-၇၈၈၃၈၂၄၈၈၊ ၀၉-၆၆၆၁၇ ၇၀၇၉**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/60348, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းကြည် ၁၄/ပသရ(နိုင်)၀၃၁၁၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/18332, Canda-X-125, M/C ယာဉ်လက်ဝယ်ရှိသူ မောင်စံမင်းထက် ၉/ခမစ(နိုင်)၀၆၁၀၄၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ ဦးဝေဖြိုးအောင် ၁၂/သလန(နိုင်) ၀၇၈၅၃၀ ၏ သမီးဖြစ်သူ U.E.Cကျောင်းတွင် Grade-12 ကျောင်းသူ မဆုသျှားလဲ့နှင်း အား မဆုခွန်းချို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/6653, Bajaj 200 Three Wheel ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင်ထိုက် ၉/မနမ(နိုင်) ၁၁၃၀၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/45405, Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းဇူးဇူးလှိုင် ၈/ရစက(နိုင်) ၂၅၆၇၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ ပွဲစဉ်ဇယား ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၂၄

ဩဂုတ် ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည့် ၂၀၂၆-၂၀၂၇ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ပထမအကျော့ ပွဲစဉ်ဇယားကို ပြိုင်ပွဲဝင် ကလပ်အသင်းများနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကျင်းပရေးကော်မတီက တရားဝင် ထုတ်ပြန်ကြေညာလိုက်သည်။

အသင်းပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ယခုနှစ် မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ ပွဲစဉ်များကို ဩဂုတ် ၂၈ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ YUSC ကွင်း၊ သီဟဒီပကွင်းနှင့် ပဒေသာကွင်းတို့အပြင် မန္တလေးမြို့ရှိ

စာမျက်နှာ ၈ ကော်လံ ၅ ❂



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ စတင်ကျင်းပ

## အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A) ၌ ယနေ့မှစတင်၍ စက်တင်ဘာ ၂ ရက်အထိ ၁၀ ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

## ရန်ကုန်တိုင်းဒေသကြီး ကလပ်အသင်းပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ကလပ်အသင်းပေါင်းစုံ အမျိုးသား/အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲနှင့် လူရွေးပြိုင်ပွဲကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ပဒေသာလက်ဝှေ့လေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်ရာ ဝိတ်တန်းအလိုက် ပွဲစဉ်ပေါင်း ၁၉ ပွဲဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပထမပိုင်း ပွဲစဉ်များအဖြစ် ၄၈ ကီလိုဝိတ်တန်းတွင် နော်ရိန်အောင် (MBC) နှင့် ဖြိုးသူအောင် (PAING CLUB)၊ ခန့်ဖြိုးကျော် (တပ်မတော်-ရေ) နှင့် နိုင်းဝေယံ (ကျိုက္ကလှဲ့/ရွှေကျင်)၊ မျိုးမင်းထွန်း (MAF) နှင့် ထူးအိမ်လွင် (သန်လျင်) တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❈

## ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၆ ခုနှစ် ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ (ဒုတိယအကျော့ပွဲစဉ်အဖြစ်) ဗီယက်နမ်အမျိုးသားလက်ရွေးစင်အသင်းနှင့် ထိုင်းအမျိုးသား လက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ရှိ မိုင်ဒင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါ ပွဲစဉ်အား ယနေ့ည ၇ နာရီ ၁၅ မိနစ်တွင် MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်



## ဟံသာဝတီယူနိုက်တက်အသင်း တိုက်စစ်နှင့် ခံစစ်ပိုင်းကို အားဖြည့်

ရန်ကုန် ဩဂုတ် ၂၄

လာမည့် ၂၀၂၆-၂၇ ရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည့် ဟံသာဝတီယူနိုက်တက်အသင်းသည် အသင်း၏ တိုက်စစ်နှင့် ခံစစ်ပိုင်းကို အားဖြည့်ရန်အတွက် လူငယ်ကစားသမားနှစ်ဦးဖြစ်သည့် တိုက်စစ်မှူး ဟိန်းထက်အောင်နှင့် ဂိုးသမား အောင်ပြည့်ဖြိုးတို့ကို စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၅ ▼


ယနေ့ မာတိကာ

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ တာတမံနိမ့်ကျနေမှုနေရာတွင် Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက် ပြည်တွင်းသတင်း ➢ ၅

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာတို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံ နိုင်ငံတကာသတင်း ➢ ၁၄




## နာမည်ကြီးတင်းနစ်မယ် ကိုကိုဂေါ့ဖ် စင်စင်နတီအိုးပင်းဖလား ဆွတ်ခူး

စင်စင်နတီအိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ကိုကိုဂေါ့ဖ်က ဂျက်ဆီကာ ပဲဂူလာကို ၆-၂၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ယခုနှစ်အတွင်း ပထမဆုံးအကြိမ် ဖလားဆွတ်ခူးနိုင်ခဲ့သည်။ အသက် ၂၂ နှစ်အရွယ် တင်းနစ်မယ် ကိုကိုဂေါ့ဖ်သည် ပဲဂူလာကို အနိုင်ရရှိရန် တစ်နာရီနှင့် ၁၄ မိနစ်သာ ကြာမြင့်ခဲ့ကြောင်း သိရသည်။

ကိုကိုဂေါ့ဖ်သည် ဆီရီနာဝီလီယံနှင့် ဗစ်တိုးရီးယား အဇာရင်ကာတို့ပြီးနောက် အဆိုပါပြိုင်ပွဲတွင် နှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်သည့် တတိယမြောက် တင်းနစ်မယ်ဖြစ်လာခဲ့သည်။ ၎င်းသည် ၂၀၂၃ ခုနှစ် စင်စင်နတီအိုးပင်း နောက်ဆုံးဗိုလ်လုပွဲတွင်လည်း ချက်ဇ်တင်းနစ်မယ် မူချိုဗာကို အနိုင်ယူကာ ဖလားဆွတ်ခူးထားသည်။

စာမျက်နှာ ၈ ကော်လံ ၅ ✳

## ချမ်းအေးသာစံနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၉၅၉၃ ဒသမ ၅ သိန်းတန်ဖိုးနှင့် ဗဟန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၄

ချမ်းအေးသာစံနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၉၅၉၃ ဒသမ ၅ သိန်းတန်ဖိုးနှင့် ဗဟန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီး တရားခံများအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော

စာမျက်နှာ ၈ ကော်လံ ၁ ❖



တရားခံ အီညားရှို့နှင့် အန်တောမြို့ တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွဆေးပြား ၃၆၆၀၀၀၊ ဘိန်းစိမ်း ၄၈ ကီလိုနှင့် ဘိန်းဆီခဲ ၁၂ ဒသမ ၅ ကီလိုတို့နှင့်အတူ တွေ့ရစဉ်။